မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၈)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၆ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသောတရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သော သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ ရက်နေ့ထိ)**

# ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့်မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်

နေပြည်တော် မေ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောတက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၅ ကော်လံ ၁** ■




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**ဆောင်းပါး**

**လူချွန်လူကောင်းလေးတွေ ဖြစ်အောင် မြေတောင် မြှောက်ကာမြှင့်တင်**

စာ - ၁၂ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၆ ရက်)

# ကျောင်းပြင်ပရောက်ကလေးများအတွက် အထူးအစီအစဉ်

ပညာသင်ယူရမည့်အရွယ်တွင် ပညာကိုတတ်မြောက်အောင်သင်ယူထားကြရမည်မှာ လူငယ်တို့၏မွေးရာပါတာဝန်ဟုဆိုနိုင်သည်။ ပညာသင်ချိန်တွင်ပညာကိုတတ်မြောက်အောင်မသင်ယူခဲ့ပါက ဤဖြစ်ရပ်၏ဆိုးကျိုးကို အရွယ်လွန်သည့်အခါမှခံစားသိရှိပေမည်။ လွန်ခဲ့သည့်ငါးနှစ်တာကာလ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေးနှင့်ဝေးကွာခဲ့သော လူငယ်မောင်မယ်များအတွက် နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပရောက်ကလေးများအတွက်အထူးအစီအစဉ်တစ်ရပ်ကိုဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်မည့်အစီအစဉ်မှာ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းသားများကို ပညာအရည်အချင်းအရသော်လည်းကောင်း၊အသက်အရွယ်အရသော်လည်းကောင်း သင့်လျော်ကိုက်ညီသည့်အတန်းတွင် တက်ရောက်သင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"ပညာသင်ယူခွင့်ရရှိရေး" သည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးတစ်ရပ်ဖြစ်သလို အတန်းပညာရှိမှအသိပညာ၊ အတတ်ပညာပြည့်စုံကြွယ်ဝပြီး အတွေးအခေါ်မြင့်မားမည်ဖြစ်သည်။ ကျောင်းများတွင်ရောက်ရှိပညာသင်ယူနေရမည့် ကလေးများက လွဲမှားသည့်အယူအဆများနှင့် ပတ်ဝန်းကျင်၏ရိုက်ခတ်မှုများကြောင့် ပညာရေးဆုံးခန်းမတိုင်ခင် သင်ယူမှုရပ်တန့်နေခဲ့ကြသည်။ ကျောင်းနေအရွယ်တွင် ကျောင်းသို့မရောက်ခြင်း၊ ကျောင်းမနေခြင်းတို့သည် မိမိကိုယ်တိုင် မိမိဘဝကိုဖျက်ဆီးနေခြင်းဖြစ်ပြီး မိဘများနှင့် နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာမှုများစွာဖြစ်စေသည်။ ပညာရေးဝန်ကြီးဌာနက အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များပေါ်များရေး၊ ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစ်စေရေး၊ ကျောင်းထွက်သူ ပပျောက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားသူများကြောင့် ကလေးများ၏ပညာသင်ယူမှုတွင် အဟန့်အတားများဖြစ်ခဲ့ရသည်။ ကျောင်းမှထွက်ခွာ၍ ပြင်ပသို့ရောက်ရှိနေသော ကျောင်းနေအရွယ်ကလေးများအရေအတွက်များစွာရှိနေပြီး ပညာရေးနှင့်အလှမ်းဝေးနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ်မြင်တွေ့နေရသည်။ ပညာရေးနှင့်အလှမ်းဝေးသထက်ဝေးသွားရသည့်ကလေးများသည် ကျောင်းမတက်ရခြင်းနှင့်ပညာမတတ်ခြင်း၏ဆိုးကျိုးကိုလက်တွေ့ခံစားနေရပြီး ဘဝရည်မှန်းချက်များဝေဝါးပျောက်ဆုံးနေကြရပြီဖြစ်သည်။ မိမိတို့ဘဝအတွက်ပညာသည်အခရာကျသည်ကို နားလည်သဘောပေါက်လာပြီး ကျောင်းများသို့ပြန်လည်ဝင်ရောက်၍ ပညာဆက်လက်သင်ယူလိုသည့်စိတ်ဆန္ဒများ ပြင်းပြနေသည်။ ကလေးတိုင်းသည် မိသားစုဝင်များအတွက်သာမက နိုင်ငံတော်အတွက်အားထားရသည့်အဖိုးထိုက်ရတနာများဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်စေရေးတို့အတွက် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်။ ကျောင်းသားများကျောင်းနေပျော်၍ စာပေတော်အောင်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ကျောင်းသုံးဗလာစာအုပ်များ၊ မူလတန်းကျောင်းဝတ်စုံများ ၊ခဲတံ၊ဘောပင်များ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများပံ့ပိုးပေးပြီး အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည်။ ထို့ပြင် အရည်အသွေးပြည့်ဝစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ကျောင်းပြင်ပရောက်ကလေးများပညာဆက်လက်သင်ယူနိုင်ရေးအတွက်လည်း ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေးတန်းညှိအစီအစဉ်များဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

အချို့သောကျောင်းနေအရွယ်ကလေးများသည် ကျောင်းပရိဝုဏ်နှင့်ငါးနှစ်တာဝေးကွာခဲ့ရပြီးဖြစ်၍ ၎င်းတို့တက်ရောက်အောင်မြင်ခဲ့သော အတန်းအရ ကျောင်းသို့ပြန်လည်ဝင်ရောက်မည်ဆိုပါက လက်ရှိကျောင်းသားများနှင့် အသက်အရွယ်ကွာဟမှုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမတူညီမှုများကြောင့် ရှက်ရွံ့သိမ်ငယ်မှုများခံစားရပြီး နေ့စဉ်ကျောင်းတက်ရောက်မှုတွင် အခက်အခဲများရှိလာနိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေအရပ်ရပ်ကို ထောက်ရှု၍ အခြေခံပညာရေးတွင် လူတိုင်းအကျုံးဝင်မှုရှိအောင် အထူးအခွင့်အရေးတစ်ရပ်ဖော်ဆောင်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့အသံကို အလေးထားပြီး ပြည်သူများ၏လိုအပ်ချက်ကိုအစဉ်ဖြည့်ဆည်းလျက်ရှိသည်။ နိုင်ငံသားတစ်ဦးရရှိရမည့်ပညာသင်ယူမှုအခွင့်အရေးကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူ့အကျိုးကိုရှေးရှု၍လည်းကောင်း ကျောင်းပြင်ပရောက်ကလေးများ ကျောင်းသို့ပြန်လည်ရောက်ရှိရေးအတွက် သတ်မှတ်ထားသောမူဝါဒများကိုလျှော့ချ၍ Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးခြင်းလည်းဖြစ်သည်။ အဆိုပါအထူးအစီအစဉ်တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တက်ရောက်ခဲ့ဖူးပြီး အသက် ၁၅ နှစ်ထက်မကျော်လွန်သည့် ကလေးများအားလုံး အကျုံးဝင်မည်ဖြစ်သည်။

"ပညာသင်ယူခြင်းသည် ရပ်တန့်၍မရသောအရာ" ဖြစ်ပေရာ ကလေးများအားလုံး အကျုံးဝင်ပြီး တန်းတူပညာသင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ မိသားစုကလည်းပံ့ပိုးပေးရမည်။ ပတ်ဝန်းကျင်ကလည်းတွန်းအားပေးရမည်။ ပညာရေးရပ်ဝန်းအတွင်းမှ တာဝန်ရှိသူများကလည်း လက်တွဲခေါ်ရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဆင်ပေါင်ဝဲ မေ ၂၅

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သမန်းကြီးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင်ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများသည် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာကော်မတီဝင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းမှာ အရှည် ပေ ၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၂၁၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီရယူကာ ကျေးရွာပြည်သူများကိုယ်တိုင် ယခုလဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူဝင်းရွှေ**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်

အိမ်မဲ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် မြို့နယ်အတွင်းသွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဆုဝေထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသက်ကိုကိုဦး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်စုစုပေါင်းငါးရပ်ကွက်တို့မှ အိမ်ခြေပေါင်း ၃၂၈၉ အိမ်တို့၌ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းတို့ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ကြသည်။

အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၅-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

## MWD Education, Knowledge & Sport Channel

၂၆-၅-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၇:၀၀ မှ ၁၈:၃၀ Grade-3/Grade-4/Grade-5/Grade-6/Grade-7 သင်္ချာ
၂။ ၁၅:၃၀ မှ ၁၆:၁၀ Grade-8/Grade-9 သင်္ချာ
၃။ ၁၆:၁၀ မှ ၁၈:၃၀ Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ
၄။ ၁၈:၃၀ မှ ၂၀:၂၅ Grade-11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အခြေခံပညာကျောင်းများ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုမြင်ကွင်း


ချမ်းအေးသာစံမြို့နယ်
ချမ်းမြေမောင်(ချမ်းစံ/ပြန်ဆက်)


မြိတ်မြို့နယ်
(၄၁၂)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)



တန့်ယန်းမြို့နယ်
မင်းလွင်ဦး


ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)


ကျိုက်လတ်မြို့နယ်
လှိုင်မင်းအောင်(ပြန်/ဆက်)


ကျောက်တလုံးကြီးမြို့နယ်
ဇော်နိုင်လင်း


ဟိုပုံးမြို့နယ်
(၄၀၅)


ကျောက်ဆည်မြို့နယ်
သက်မောင်(ကျောက်ဆည်)


သဲကုန်းမြို့နယ်
ကိုကျော်(သဲကုန်း)


ပျော်ဘွယ်မြို့နယ်
မင်းမင်းထွေး(ပျော်ဘွယ်)

■ ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးကို ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကော်မတီအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့လာနိုင်ခြေရှိသည့် သဘာဝဘေးများအတွက် ဝန်ကြီးဌာနများနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ထားသည့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးအန္တရာယ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်အောင်စီမံထားရှိမှုများကို သိရှိရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း။

**❒ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကို စနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ် . . .**

ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့်မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ဒေသအလိုက် သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များကို မျက်ခြည်မပြတ် ဂရုတစိုက်သိရှိစေရန်လည်းလိုအပ်ကြောင်း၊ ယခုကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသအချို့တွင် အပူချိန်များလာပြီး အယ်နီညိုဖြစ်နိုင်ခြေကိုလည်းတွေ့ရှိရကြောင်း၊ တစ်ဖက်တွင်လည်း ငလျင်ဘေးအန္တရာယ်ကို အထူးသတိပြုရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကို စနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပွားလာနိုင်သည့်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး လူ/တိရစ္ဆာန် ပြောင်းရွှေ့ရေး၊ ယာယီနေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ထိခိုက်နိုင်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြန်လည်ကုစားမည့်အစီအမံများနှင့် ဒေသအလိုက်တည်ရှိနေသည့် ဆည်မြောင်းတာတမံများကြံ့ခိုင်မှုထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ လုပ်ငန်းလည်ပတ်မှုမပြတ်တောက်စေရန် အစီအမံများကို ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီတုံ့ပြန်နိုင်ရေးအတွက် လူမှုကယ်ဆယ်ရှာဖွေရေးအဖွဲ့များ၊ ဘေးဒဏ်ခံခိုလှုံရေးအဆောက်အဦနှင့် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေလျာထားဆောင်ရွက်ထားရှိမှု၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကဏ္ဍများအလိုက် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



နေပြည်တော် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့်ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက"ကျောင်းအပ်ကြစို့" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၁ ရာစု ပညာခေတ်တွင် ပညာသင်ကြားခြင်းသည် ကလေးများ၏အနာဂတ်အတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည့်အတွက် ကလေးများပညာရေးဆုံးရှုံးမှု မဖြစ်စေရန် အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊ **“နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”** ဆိုသည့် ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ပုဒ်ကို အလေးအနက်ထားပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အခမဲ့ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် စာသင်ခန်းအလိုက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)၌ မြန်မာ့ရိုးရာလက်မှုထည်များဖွင့်လှစ်ရောင်းချနေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကြည့်ရှုအားပေး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ



နေပြည်တော် မေ ၂၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မြန်မာ့လက်မှုအနုပညာစင်တာ (ရန်ကုန်)၌ မြန်မာ့ရိုးရာလက်မှုထည်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့လက်မှုအနုပညာစင်တာ ဖွင့်လှစ်ရောင်းချမှုကို နိုင်ငံခြားသားဧည့်သည်များနှင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးနှင့် စိတ်ဝင်စားမှုများ ပိုမိုမြင့်တက်လာစေရေး မီဒီယာအသုံးပြု စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန်များဈေးကွက်ရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏အကူအညီဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးသို့ရောက်ရှိကာ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး ခရိုင်သုံးခုရှိ ဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ် အစုအဖွဲ့ပုံစံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သမဝါယမစနစ်ဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်ရေး၊ အစုအဖွဲ့ပုံစံစည်းရုံးပြီး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုရီးယားသမ္မတနိုင်ငံ၌ကျင်းပသည့် ဗုဒ္ဓမွေးနေ့အခမ်းအနားသို့တက်ရောက်



ဆိုး မေ ၂၅

ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသသည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်တို့လိုက်ပါ၍ မေလ ၂၄ ရက်တွင် Bongeunsa Temple ကျောင်း၌ ဗုဒ္ဓမွေးနေ့အထိမ်းအမှတ် ကျင်းပသည့် "50 Years of Gratitude & Friendship, 100 Years of Mercy" အခမ်းအနားသို့ တက်ရောက်ပြီး ကိုရီးယားသမ္မတနိုင်ငံ သံဃနာယကအဖွဲ့ခေါင်းဆောင် ဆရာတော် Venerable Wongmyeong နှင့်အတူ ဂုဏ်ပြုပူဇော်စကားဟောကြားသည်။

ဗုဒ္ဓမွေးနေ့ အခမ်းအနားကျင်းပသည့် Bongeunsa Temple သည် ဆိုးမြို့ Gangnam ခရိုင်၌တည်ရှိပြီး နှစ်ပေါင်း ၁၂၀၀ ကျော် သက်တမ်းရှိသော ရှေးဟောင်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဖြစ်သည်။ အဆိုပါ ကျောင်းတော်၌ ကိုရီးယားနိုင်ငံ၏အကြီးဆုံးသော မတ်ရပ်ကျောက်ဆင်းတုတော်ကြီးနှင့် ရှေးဟောင်း သစ်သားဘုန်းကြီးကျောင်းဆောင်များရှိပြီး ကိုရီးယားရိုးရာဗုဒ္ဓဘာသာယဉ်ကျေးမှု ဓလေ့များကို လေ့လာနိုင်သည့်နေရာ တစ်ခုအဖြစ်ထင်ရှားသည်။ နှစ်စဉ် မေလတွင် ဗုဒ္ဓမွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်စာရင်းဝင်သည့်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရှိရသည်။

မြဝတီ

---

➤ **ကျောဖုံးမှအဆက်**

ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှစ၍ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့်

စာမျက်နှာ ၇ သို့ ➤



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။



အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ကျောင်းအပ်နှံသည့် ကျောင်းသားတစ်ဦးအား စာရေးကိရိယာများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



စစ်တွေမြို့ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



စလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



ချောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



တောင်တွင်းကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။



အမရပူရမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။

➤ စာမျက်နှာ ၆ မှအဆက်

ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများအား တစ်ပါတည်းပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ၊ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ (၄) ချောင်းနှင့် ကျောင်းဝတ်စုံ (၁) စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ(၂)ချောင်းနှင့် ဘောပင်(၂)ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြား မည်သည့်ကြေးမျှပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်းသိရှိရသည်။

ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ တက်ရောက်ပညာသင်ကြားမည့်ကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံပညာကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-







"အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မရမ်းကုန်းအနေနဲ့ စာရင်းဇယားတွေ ပြုစုတဲ့နေရာမှာ အဆင်ပြေဖို့အတွက် ကျောင်းသားသစ်နဲ့ ကျောင်းသားဟောင်းကိုလည်း ကျွန်မတို့က ရက်နည်းနည်းခွဲပြီး လက်ခံပါတယ်။ ကျောင်းသားအဟောင်းများကတော့ မေလ ၂၅ ရက်ကနေ မေလ ၃၁ ရက်နေ့အထိပေါ့။ ကျောင်းသားအသစ်များကတော့ မေလ ၂၈ ရက်ကနေပြီးတော့ မေလ ၃၁ ရက်နေ့အထိကို အသီးသီး ကျောင်းအပ်လက်ခံသွားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများအနေနဲ့ ကျောင်းကို ယုံကြည်စိတ်ချစွာနဲ့ အပ်နှံပြီးတော့ ပညာသင်ကြားနိုင်ပြီဆိုတဲ့ အကြောင်းလေးကိုလည်း ပြောကြားချင်ပါတယ်"

"ကျောင်းအပ်လက်ခံနေတဲ့ အချိန်မှာ Grade-7 ကို အမေနဲ့အတူတူ ကျောင်းလာအပ်တာဖြစ်ပါတယ်၊ ကျောင်းကနေပြီးတော့ ထောက်ပံ့တဲ့ပစ္စည်းတွေက ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ခဲတံ၊ ဘောပင် အဲ့ဒါတွေ ပေးပါတယ်။ ကျောင်းလာမအပ်သေးတဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး ကျောင်းလာအပ်ဖို့ကိုလည်း ဖိတ်ခေါ်ပါတယ်။ အခုလိုမျိုး အေးအေးချမ်းချမ်းနဲ့ ပညာသင်ကြားရတဲ့အတွက် နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျ"

"ပညာရေးဝန်ကြီးဌာနက မူလတန်းအဆင့် KG ကနေပြီး Grade-5 အထိကို ဗလာစာအုပ်ရယ်၊ ခဲတံရယ်၊ ပုံနှိပ်ရယ် အဝတ်အစားရယ် ထောက်ပံ့ပေးပါတယ်။ အလယ်တန်းတွေနဲ့ အထက်တန်းကို ကျတော့ ဗလာစာအုပ်ရယ်၊ ပုံနှိပ်ရယ်၊ ဘောပင်ရယ်ထောက်ပံ့ပါတယ်ရှင်၊ ကလေးတွေကိုလည်း ကျောင်းလာအပ်ဖို့အတွက် ဆရာမတစ်ယောက်အနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်ရှင်၊ အခုလို ကျောင်းသား၊ ကျောင်းသူတွေ အေးအေးချမ်းချမ်းနဲ့ ပညာဆက်လက်သင်ယူဖို့အတွက် ကူညီထောက်ပံ့ပေးတဲ့ ပညာရေးဝန်ကြီးဌာနနဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်ရှင်။"

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများအားတွေ့ဆုံကာ စာမျက်နှာ ၉ သို့ →

➜ စာမျက်နှာ ၈ မှအဆက်

သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် ----

“ယုံကြည်ချက်ကတော့ ကျွန်တော်ကိုယ်တိုင်ရော နိုင်ငံအတွက်ရော ကျွန်တော်တို့ မိသားစုအတွက်ရော သူငယ်ချင်းတွေအတွက်ရော အားလုံးအတွက် ကျွန်တော်တို့ ရှေ့ကနေလုပ်ဆောင်သွားမှသာ နောက်ကညီအစ်ကိုများအားလုံး လိုက်ပါဆောင်ရွက်နိုင်မယ်ဆိုတဲ့



ယုံကြည်ချက်နဲ့ ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် ကောင်းပါတယ်။ နိုင်ငံသားတိုင်းကို လူငယ်တိုင်းလိုလို ပြည်သူ့စစ်မှုထမ်းကို တတ်သိထားသင့်တယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ရော နောက်က ညီအစ်ကိုမှန်သမျှကို အကုန်လုံး ပြည်သူ့စစ်မှုထမ်း နှစ်နှစ်တာကာလအတွင်းကို ကျေပွန်စွာထမ်းဆောင်သွားမယ်လို့ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော့်ရဲ့ မိသားစုကတော့ ဒီနှစ်နှစ်တာကာလအတွင်းကို ကျေပွန်စွာထမ်းဆောင်ဖို့အတွက်ကို တိုက်တွန်းပေးခဲ့ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အတွက်ကို ထမ်းဆောင်ရမယ့် နှစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတော်က ပေးတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမယ်လို့ ယုံကြည်ချက်ထားပါတယ်။ သင်တန်းပြီးဆုံးလို့ မိခင်တပ်ရောက်တဲ့အခါ အထက်က ပေးအပ်တဲ့အမိန့်တွေရော နိုင်ငံတော်က ပေးအပ်တဲ့အမိန့်တွေရော တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်လို့ ယုံကြည်ချက်ထားပါတယ်”ဟု ပြောသည်။

“ကောင်းတယ်လို့တော့ ထင်မြင်ပါတယ်။ စစ်မှုထမ်းတာက ကျွန်တော်တို့ယောကျ်ားလေးတွေအတွက် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ပိုကောင်းသွားတာပေါ့။ ကျွန်တော် ဝါသနာပါတာကြောင့်ရယ်၊ ကျွန်တော်အတင်းဝင်ချင်တာကြောင့် သူတို့ကို ခွင့်ပြုတောင်းဆိုပြီးတော့မှ ဒီကို လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ နောက်ထပ်



လာရောက် တက်ရောက်မယ့်သူတွေအတွက်လည်း စိတ်အားမငယ်ပါနဲ့။ ဒီရောက်လို့ရှိရင် ဆရာတွေနဲ့ အဆင်ပြေအောင်ပေါင်းသင်းပြီးတော့ အခက်အခဲတွေလည်း အကုန်အတူတူ ကျော်လွှားကြပါ”ဟု ပြောသည်။

“နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတာဝန်ကို ကျေပွန်ချင်လို့ ဒီသင်တန်းကို



လာရောက် တက်ရောက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ထမ်းဆောင်ရတော့မယ်ဆိုတော့ ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။ ဒီမှာ စိတ်လည်းအရမ်းလှုပ်ရှားပါတယ်။ တပ်မတော်သားတွေမှာ ကျင့်ဝတ်(၆၀)ရှိတယ်လို့ ကြားဖူးပါတယ်။ အဲ့ဒီကျင့်ဝတ် (၆၀) က ဘာတွေလဲဆိုတာ ကျွန်တော်သေချာသင်ယူချင်ပါတယ်။ အပြင်မှာတုန်းက သွားချင်သလိုသွား စားချင်သလိုစား ဒီထဲကို ရောက်ပြီးတဲ့နောက်မှာတော့ စားချိန်တန် စားရတယ်။ အိပ်ချိန်တန် အိပ်ရတယ်။ အကုန်လုံးက စည်းစနစ်တကျနဲ့ သွားရတာဆိုတော့ လူငယ်တွေအတွက် အကျိုးရှိမယ်ထင်ပါတယ်”ဟု ပြောသည်။

(၁၀၀)

# အခြေခံပညာ စာသင်ကျောင်းများတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံခြင်းစတင်လက်ခံဆောင်ရွက်

မန္တလေး မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ မေလ ၂၅ ရက်မှ ၃၁ ရက်အထိ အခြေခံပညာစာသင်ကျောင်းများ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ်သတ်မှတ်ပြီး တိုင်းဒေသကြီးများနှင့်ပြည်နယ်များရှိ အခြေခံပညာစာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံခြင်းများကို စတင်လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၆)အခြေခံပညာ မူလတန်းလွန်ကျောင်းတို့၌ ကျောင်းသား၊ကျောင်းသူများအား မိဘ/အုပ်ထိန်းသူများမှ လာရောက်ကျောင်းအပ်နှံနေမှုကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စာသင်ခန်းသုံးပစ္စည်းများနှင့် အထွေထွေသုံးပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(၄၀၂)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

## ကျောင်းအပ်နှံရေး အလေးပေး

➾ ပညာသည်သာ၊ အားထားရာမို့
စာပေသင်ရေး၊ ကျောင်းထားပေးရန်
ကလေးဘဝ၊ လှထက်လှအောင်
သွားကြပါစို့၊ ကျောင်းအပ်စို့။

➾ မိဘမှသည်၊ ဆရာ့ဆီသို့
ရည်ရွယ်ချက်များ၊ မြင့်မြင့်မားနှင့်
ဝင့်ကြွားဂုဏ်တင့်၊ ပညာမြင့်အောင်
တွေးချင့်သေချာ၊ ကျောင်းအပ်ပါ။

➾ ကျောင်းနေအရွယ်၊ ကလေးငယ်တို့
ကျောင်းဝယ်နေမှ၊ ပညာရလိမ့်
ကျနသေချာ၊ မြတ်ပညာကို
လေ့လာသင်ဖို့၊ ကျောင်းအပ်စို့။

➾ စည်းကမ်းစနစ်၊ ပညာချစ်ဖို့
ခေတ်မီတိုးတက်၊ ဉာဏ်ရည်လက်အောင်
လေ့ကျက်မှတ်သား၊ ပညာပွားဖို့
သားသမီးတို့၊ ကျောင်းအပ်စို့။

➾ ကျောင်းအပ်နှံပေး၊ သည်အရေးမှာ
အလေးထားဆောင်ရွက်၊ ဘဝတွက်ပေ
ပျက်ကွက်မရှိ၊ ကိုယ်စီသိနှင့်
ပြည်၏သားကောင်း၊ ဖြစ်စေကြောင်းမို့
ကျောင်းသို့သွားလို့၊ ကျောင်းအပ်စို့။

➾ အတန်းပညာ၊ တတ်မြောက်ပါမှ
သူ့မှာအသိ၊ ဉာဏ်ကဝိနှင့်
သူ၏ဘဝ၊ အခြေလှမည်
နောင်တကင်းဖို့၊ ကျောင်းအပ်စို့။

➾ စိတ်ဓာတ်စည်းကမ်း၊ ပညာနန်းမှ
ရည်မှန်းပန်းတိုင်၊ လှမ်း၍ကိုင်ကာ
နိုင်ငံအတွက်၊ အားတစ်လက်သို့
ထက်မြက်ကြစေ၊ ထူးချွန်စေဖို့
အခြေမြင့်မား၊ ဂုဏ်ဝင့်ကြွားအောင်
သားတို့ရှေ့ရေး၊ ကျောင်းအပ်ပေး။

➾ လူသားရင်းမြစ်၊ ရန့်သစ်သို့
ခေတ်နှင့်အညီ၊ မြန်မာပြည်တွင်
ခေတ်မီပညာ၊ တတ်မြောက်ပါမှ
လျင်စွာဖွံ့ဖြိုး၊ အလှတိုးမည်
ရိုးသားကြိုးစား မောင်မယ်များ။
သိဖွယ်တိုးပွား ပညာအား။
ကျောင်းအပ်စို့လား ကျောင်းသို့သွား။ ။

အာကာမောင်မောင်

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ နောင်တစ်ချိန်မှာ နိုင်ငံ့တာဝန်ကိုပခုံးလွှဲပြောင်းယူမယ့်သူများ၏ ပီတိစကားသံများ

အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် ( ၁/ ၂၀၂၆) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)တို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူ/ နည်းပြများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုအမှာစကားပြောကြားခြင်းအခမ်းအနားကို မေလ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် သက်ဆိုင်ရာသင်တန်းအလိုက် အုပ်ချုပ်သူတာဝန်ခံ၊ သင်တန်းသား၊ သင်တန်းသူများ၏ ပီတိစကားသံများကို ပြန်လည်မျှဝေလိုက်ရပါသည်-

**ဒုတိယဗိုလ်မှူးကြီးလွင်အောင်စိုး**
**(အုပ်ချုပ်သူတာဝန်ခံ)**



ရေကြောင်းလူငယ်သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်က နွေရာသီကျောင်းပိတ်ရက်မှာ ကျောင်းသား၊ ကျောင်းသူလေးတွေ သူတို့ရဲ့ကိုယ်ပိုင်အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေဖို့၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ဖို့၊ နောင်တစ်ချိန်မှာ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းယူမယ့် သူတွေဖြစ်တဲ့အတွက် ရည်ရွယ်ဖွင့်လှစ် သင်ကြားပေးခြင်းပဲဖြစ်ပါတယ်၊ ရေကြောင်းဆိုင်ရာဗဟုသုတတွေရရှိဖို့နဲ့ ရေကြောင်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ဖို့လည်းဖြစ်ပါတယ်။ လက်ရှိဘားအံစခန်းမှာ တန်းမြင့်သင်တန်းမှာ ၂၀ ဦး၊ အခြေခံသင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦးနဲ့ အင်အား၁၂၀ ဦး ရှိပါတယ်။ သင်တန်းတွေဖွင့်လှစ်ပေးခြင်းအားဖြင့် လူငယ်မောင်မယ်တွေမှာ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်လာမယ်။ အတွေ့အကြုံအသစ် ဗဟုသုတနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးမှာ တိုးတက်လာမယ်လို့ထင်ပါတယ်၊ ကျွန်တော်တို့လေ့လာရေးခရီးတွေလည်း ပို့ဆောင်ပေးပါတယ်။ တပ်မတော်ကနေ ဒီလိုမျိုးသင်တန်းတွေ ဖွင့်လှစ်ပေးတာ ကောင်းမွန်တဲ့ အကျိုးရလဒ်တွေကို ပြုလုပ်ပေးနိုင်တဲ့အတွက် ဂုဏ်ယူမိကြောင်းပြောလိုပါတယ်။

**ဗိုလ်မှူးစိုးမိုးနိုင်(အုပ်ချုပ်သူတာဝန်ခံ)**

တောင်ကြီးလေတပ်စခန်းအနေနဲ့ သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၃၀ ဦး စုစုပေါင်း ၆၀ ဦးရေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ နွေရာသီကျောင်းပိတ်ရက် လေကြောင်းလူငယ်သင်တန်းမှာ ကျောင်းသားလူငယ်မောင်မယ်လေးများကို လေကြောင်းပညာနဲ့ပတ်သက်တဲ့ အထွေထွေဗဟုသုတတွေအပြင် နိုင်ငံတကာလေကြောင်းပညာဗဟုသုတတွေကို အတတ်နိုင်ဆုံး ဝေမျှသင်ကြားပေးခြင်းပဲဖြစ်ပါတယ်။ သင်ကြားပေးတဲ့ခေါင်းစဉ်တွေက လေကြောင်းသမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားနဲ့ စိတ်ခွတ်မြင့်မားရေး စတဲ့ဘာသာရပ်တွေမှာ သင်ကြားပေးပါတယ်။ ဒီလိုမျိုးသင်တန်းတွေကို ဖွင့်လှစ်ပေးခြင်းအားဖြင့် အနာဂတ်မှာ မျိုးဆက်သစ်လူငယ်မောင်မယ်များက ဆိုင်ရာဆိုင်ရာသင်ကြားပေးတဲ့ဘာသာရပ်



အသီးသီးမှာ အသိပညာ၊ ဗဟုသုတအတွေးအခေါ်များတိုးပွားလာမယ်လို့ ယုံကြည်ပါတယ်။ လူငယ်မောင်မယ်များလည်း အသိပညာဗဟုသုတ ပိုမိုတိုးတက်လာတယ်ဆိုရင် ကျွန်တော်တို့သင်ပေးရကျိုးနပ်ပြီး ဝမ်းသာမိပါတယ်၊ တပ်မတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့အတူ ကျွန်တော်တို့ကလည်း ကျရာအခန်းကဏ္ဍကနေ အကောင်းဆုံး ညွှန်ကြားမှုနဲ့အတူ စာတွေ့လက်တွေ့ သင်ကြားပို့ချသင်တန်းပြပေးမှာဖြစ်တဲ့ အတွက် နောင်လာမယ့်မျိုးဆက်သစ် ကျောင်းသားလူငယ်မောင်မယ်လေးများကို လာရောက်တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်ဇေယျာထွန်း (တန်းမြင့်ရေကြောင်း လူငယ်သင်တန်း)**



ကျွန်တော် ဒီသင်တန်းတက်ရောက်ရတဲ့အခါမှာ အတွေ့အကြုံအများကြီးရရှိပါတယ်။ သင်တန်းတက်နေတဲ့အချိန်မှာ စာတွေ့လက်တွေ့သင်ကြားပေးပါတယ်။ ဒေသပေါင်းစုံက သူငယ်ချင်းတွေနဲ့လည်း တွေ့ရခင်မင်ရပါတယ်။ ကျွန်တော်စိတ်ဝင်စားဆုံးဘာသာရပ်ဆိုရင် အလံအချက်ပြဆက်သွယ်ရေးဘာသာရပ်ဖြစ်ပါတယ်။ ဆက်သွယ်ရေးဘာသာရပ်က ကျွန်တော်တို့သင်္ဘောသွားလို့ရှိရင် အရေးပေါ်အနေနဲ့ ဆက်သွယ်ရေးကိရိယာအလုပ်မလုပ်လို့ရှိရင် အလံအချက်ပြအနေနဲ့ ပြုလုပ်လို့ရပါတယ်။ ကျွန်တော်တို့ရေကြောင်းနဲ့ခရီးသွားမယ်ဆိုရင် အရေးအကြောင်းကြုံလာရင်အသုံးပြုနိုင်တယ်။ ဒေသပေါင်းစုံ၊ စခန်းပေါင်းစုံက သူငယ်ချင်းတွေနဲ့တွေ့ရတော့ အတွေ့အကြုံဗဟုသုတတွေ တစ်ယောက်နဲ့တစ်ယောက်ပြန်လည်မျှဝေဖြစ်ကြပါတယ်။ ကျွန်တော့်အနာဂတ်ရည်မှန်းချက်က သင်္ဘောသားတစ်ယောက်ဖြစ်ချင်ပါတယ်။ ဘာလို့လဲဆိုရင် မြန်မာနိုင်ငံရဲ့ ပင်လယ်ပြင်နဲ့ နိုင်ငံတကာရဲ့ပင်လယ်ပြင်တွေလေ့လာစူးစမ်းလိုချင်လို့ပါ။ ကျွန်တော်တို့ကို လေ့လာရေးခရီးတွေလည်းပို့ဆောင်ပေးတယ်၊ ရန်ကုန်မှာဆိုရင် ရွှေတိဂုံဘုရားကြီး၊ အားကစားပြတိုက်တွေ ပို့ဆောင်ပေးတယ်၊ အားကစားပြတိုက်ဆိုရင် ကျွန်တော်တစ်ခါမှမရောက်ဖူးဘူး။ ဒီသင်တန်းတက်ရောက်ရတာ ကျွန်တော့်အတွက် အချိန်ကိုစည်းစနစ်တကျအကျိုးရှိစွာအသုံးချတတ်လာတယ်။ ဒါ့ကြောင့် သူငယ်ချင်းညီအစ်ကိုမောင်နှမများလည်း နောင်နှစ်မှာဖွင့်မယ့်သင်တန်းကို တက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**မဖြိုးသဉ္ဇာလင်း (တန်းမြင့်ရေကြောင်း လူငယ်သင်တန်း)**



ကျွန်မက အင်းယားစခန်းကလာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ သင်တန်းမှာဆိုရင် စစ်ရေးပြဘာသာရပ်၊ ရေတပ်သားဘာသာရပ်၊ လှေလှော်ရွက်တိုက်ဘာသာရပ်တွေကို သင်ကြားခဲ့ရပါတယ်။ သင်တန်းတက်ရတဲ့အကျိုးကျေးဇူးတွေက ကျွန်မအတွက် ပူးပေါင်းဆောင်ရွက်တတ်မှုနဲ့ စည်းကမ်းတွေ ပိုမိုကောင်းမွန်လာပါတယ်၊ ကျွန်မက အခြေခံနဲ့တန်းမြင့်ရေကြောင်းသင်တန်းကိုတက်ခဲ့ပါတယ်။ သင်တန်းတက်ရတဲ့အတွက် ပင်လယ်ပြင်နဲ့ဆိုင်တဲ့ပညာရပ်တွေကို သင်ကြားရတာက ကျွန်မတို့အတွက် ရေကြောင်းဆိုင်ရာပညာရပ်ဗဟုသုတတွေ အများကြီးရရှိခဲ့ပါတယ်။ အခုလိုမျိုး နွေရာသီကျောင်းပိတ်ရက်အားလပ်ရက်တွေမှာ ဒီလိုမျိုးသင်တန်းဖွင့်လှစ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ သင်တန်းကိုတက်ရောက်ကြဖို့ သူငယ်ချင်းတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ သင်တန်းကိုတက်ရောက်လို့ ကိုယ့်အတွက်အကျိုးမယုတ်ပါဘူး။ နွေရာသီကျောင်းပိတ်ရက်မှာ အချိန်ကိုအကျိုးရှိစွာ ကုန်ဆုံးစေပြီး ဗဟုသုတများစွာရရှိတဲ့အတွက် မောင်လေးညီမလေးတွေလည်း တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်နေရဲဟန်**
**(အခြေခံလေကြောင်းလူငယ်သင်တန်း)**



ကျွန်တော်တို့ ဒီသင်တန်းကိုတက်တဲ့အချိန်မှာ လေကြောင်းသမိုင်းကိုသိခွင့်ရခဲ့တယ်။ လေယာဉ်တစ်စင်းရဲ့ အခြေခံအကြောင်းအရာတွေ၊ လေကြောင်းမောင်းနှင်ပုံ စတာတွေကို ပိုပြီးသိခွင့် လေ့လာခွင့်ရခဲ့ပါတယ်။ ဒီသင်တန်းတက်ရောက်ဖြစ်တာက ကျောင်းကနေ စိတ်ပါဝင်စားရင်တက်ရောက်ဖို့ ဖိတ်ခေါ်တဲ့အတွက် ကျွန်တော်တက်ရောက်ဖြစ်တာပါ။ ကျွန်တော် လေယာဉ်မှူးတစ်ယောက်ဖြစ်ချင်ပါတယ်။ ဆက်လက်ပြီးလည်း ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒနဲ့အတူ ကြိုးစားသွားပါ့မယ်။ ဒီသင်တန်းတက်ရောက်ရတာ ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ဒေသ အထောက်အကူပြုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ သင်တန်းကရလိုက်တဲ့ အကျိုးကျေးဇူးတွေက အချိန်ကို အကျိုးရှိစွာအသုံးချတတ်လာခြင်း၊ အဖွဲ့အစည်း၊ အပေါင်းအသင်းနဲ့စုပေါင်း လုပ်ဆောင်တတ်ခြင်း၊ ဗဟုသုတအတွေ့အကြုံတွေ၊နယ်ပယ်အသီးသီးက သူငယ်ချင်းအသစ်တွေကိုလည်း ရရှိလာခဲ့ပါတယ်။ သင်တန်းကိုဖွင့်လှစ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မဝင်းသိင်္ဂီ**
**(တန်းမြင့်လေကြောင်းလူငယ်သင်တန်း)**



ကျွန်မကတော့ တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းက လာရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ တန်းမြင့်လေကြောင်းသင်တန်းမှာဆို သင်ရတာက လေယာဉ်ပိုင်းဆိုင်ရာအချက်အလက်တွေ၊ လေယာဉ်တည်ဆောက်ပုံ၊ လေယာဉ်ကွင်းမှာဆောင်ရွက်ရမယ့် အချက်အလက်တွေကိုလည်း သိရှိလေ့လာခဲ့ရပါတယ်။ ကျွန်မက ထူးချွန်ဆုရရှိတဲ့အတွက် လေယာဉ်နဲ့လိုက်ပါစီးနင်းခွင့်ရရှိခဲ့ပါတယ်။ အခြေခံလေကြောင်းသင်တန်းမှာက ရဟတ်ယာဉ်အကြောင်းတွေကိုအခြေခံတွေကိုသင်ကြားပေးတယ်၊ တန်းမြင့်လေကြောင်းသင်တန်းမှာက သေချာလေးအသေးစိတ်သင်ကြားပေးပါတယ်။ လေယာဉ်ရဲ့အင်ဂျင်ပိုင်းဆိုင်ရာ၊ လေယာဉ်ရဲ့ တောင်ပံပိုင်းဆိုင်ရာတွေ စာတွေ့လက်တွေ့သင်ယူခဲ့ရပါတယ်။ ဒီသင်တန်းမျိုးက မျိုးဆက်သစ်လူငယ်မောင်မယ်တွေအတွက် အကျိုးရှိတဲ့သင်တန်းတစ်ခုဖြစ်ပါတယ်၊ နိုင်ငံတော်အတွက်လည်း အထောက်အကူအတော်လေးပေးနိုင်တဲ့ သင်တန်းလည်းဖြစ်တယ်၊ လူငယ်အများစုက ရည်မှန်းချက်တိတိကျကျမရှိကြသေးဘူး။ ဒီလိုမျိုးသင်တန်းတက်ရောက်ပြီးချိန်မှာ မိမိတို့ရဲ့ အနာဂတ်ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်တယ်။ ကျွန်မက လေယာဉ်တွေရဲ့ အင်ဂျင်ပိုင်းဆိုင်ရာကိုလည်း စိတ်ဝင်စားတယ်။ နိုင်ငံအတွက်အားထားရတဲ့ ပိုင်းလော့တစ်ယောက်ဖြစ်ချင်ပါတယ်။

**ရွှေဖြိုး၊ လဲ့ရည်လှိုင်**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

# ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်

ရန်ကုန် မေ ၂၅

"ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့်အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ" ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး၊ မြန်မာနိုင်ငံအခြေစိုက် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် "ယွမ်" ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုချောမွေ့မြန်ဆန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကိုလည်းကောင်း၊ ယွမ်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်လုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှတာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးရှိ (One Stop Service – OSS) ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# တရားဥပဒေစိုးမိုးရေးကိုဖော်ဆောင်ရန်တာဝန်ရှိသည့် ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာတွေ့ဆုံမေးမြန်းခြင်းဆောင်ရွက်




နေပြည်တော် မေ ၂၅

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးသည်ယနေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း၌ ပြုလုပ်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း (Interview) အစီအစဉ်သည် ကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက ဥပဒေအရာရှိတစ်ဦးချင်းစီအား ဥပဒေအရာရှိကျင့်ဝတ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်းဖြစ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိနားလည်ပြီး လုပ်ငန်းလမ်းညွှန်သဖွယ် လိုက်နာကျင့်သုံးခြင်းဖြင့်ပြည်သူများယုံကြည်အားထားမှုပိုမိုရရှိလာစေရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဥပဒေအရာရှိကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဥပဒေရေးရာဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများ၊ ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား သက်ဆိုင်ရာ ဥပဒေအရာရှိကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့များက သတ်မှတ်ထားသော ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာတွေ့ဆုံမေးမြန်းခြင်း အစီအစဉ်နှင့်အညီ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၂၅

လူငယ်ရေးရာဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လှဲ့လှဲ့သိန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း နည်းပညာများကို ပိုမိုသိရှိနားလည်စေရန်၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် စာတွေ့/လက်တွေ့သင်ခန်းစာများကို သင်တန်းပြီးဆုံးသည်အထိ စိတ်ပါဝင်စားစွာ ကြိုးစားသင်ယူသွားစေလိုကြောင်း တိုက်တွန်းပြောကြားပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အစိုးရနည်းပညာအထက်တန်းကျောင်းရှိ သင်ကြားရေးအထောက်အကူပြု ပြခန်းနှင့် သင်တန်းခန်းမတို့ကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းကို မေလ ၂၅ ရက်မှ ဇွန်လ ၅ ရက်အထိ နည်းပြ လေးဦးတို့က သင်တန်းသား ၂၅ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ



# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၅

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် Fertility Centre ကို သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ရည်ရွယ်ဖွင့်လှစ်၍ ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ လူနာပေါင်း ၅၄၀၀ ကျော်ကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

Fertility Centre တွင် ဖန်ပြွန်သန္ဓေသားနည်းပညာ၊ သားအိမ်အတွင်းသို့ သုက်ပိုးထည့်ခြင်းနည်းပညာ၊ မျိုးဥကြီးစေ၍ အချိန်ကိုက် ကိုယ်ဝန်ရစေသော နည်းပညာများအသုံးပြု၍ ကျွမ်းကျင်သော ဆရာဝန်၊ ဆရာမများက အစိုးရရုံးဖွင့်ရက်တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် သားအိမ်အတွင်း သုက်ပိုးထည့်ခြင်းနည်းပညာ (IUI)ဖြင့် လူနာ ၁၅ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းတို့မှ လူနာ သုံးဦး၊ ၂၀၂၄ ခုနှစ်တွင် IUI ဖြင့် လူနာ ၆၁ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၁၂ ဦး၊ ၂၀၂၅ ခုနှစ်တွင် IUI ဖြင့် လူနာ ၁၅၇ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၂၁ ဦး အောင်မြင်ခဲ့သည်။

အဆိုပါ လူနာ ၂၁ ဦးမှ ၂၀၂၆ ခုနှစ် မေလ ၁၇ ရက်တွင် အမြွှာယောက်ျား ကလေး နှစ်ဦး၊ မေလ ၁၈ ရက်တွင် ယောက်ျားကလေးတစ်ဦးအောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်မေလအထိ IUI ဖြင့် လူနာ ၃၀ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ငါးဦး အောင်မြင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလနှင့်မေလအတွင်းတွင်လည်း ဖန်ပြွန်သန္ဓေသားနည်းပညာအသုံးပြု၍ ဇနီးမောင်နှံ ၁၂ တွဲအား ကလေးရရှိစေနိုင်ရန် ဆောင်ရွက်ထားဆဲဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းစွာဆောင်ရွက်လျက်ရှိပြီး သားသမီးရလိုသောဇနီးမောင်နှံများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူလျက်ရှိကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) Fertility Centre မှ သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၄˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂˚c |
| မန္တလေး | ၂၇˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လူချွန်လူကောင်းလေးတွေဖြစ်အောင် မြေတောင်မြှောက်ကာမြှင့်တင်

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတို့တွင် အရွယ်သုံးပါးရှိပေရာ လူငယ်အရွယ်သည် အဓိကကျလှသည့် အရွယ်ဖြစ်သည်။ မိမိတို့စိတ်ဆန္ဒရှိရာကို အောင်မြင်စွာလုပ်ဆောင်နိုင်သောအရွယ် ဖြစ်သည်။ လူငယ်ဘဝတွင် ဖွဲ့၊ လုံ့လ၊ ဝီရိယ ပြည့်ဝစွာဖြင့် အပင်ပန်းအဆင်းရဲခံကာ ကြိုးစားခြင်းဖြင့် ပထမအရွယ်မှ ဒုတိယ အရွယ်သို့ ဖြတ်သန်းကြရမည်ဖြစ်သည်။ လူငယ်ဆိုသည်မှာ တက်ကြွ၍လန်းဆန်း နေရမည်။ ပညာကို တတ်အောင်သင်ယူ ရမည့်အရွယ်ဖြစ်သည်။ အတန်းပညာ၊ အသိပညာ၊ အတတ်ပညာမှန်သမျှတို့သည် လူငယ်တို့အတွက်ဖြစ်သည်။ လူကြီး အရွယ်ရောက်ကာမှ အတန်းပညာများ ကိုသင်ယူ၍ရနိုင်သည်မဟုတ်တော့ပေ။

လူငယ်သည် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည်။ သင်လျှင်အတတ်မြန် သည်။ စမ်းသပ်ချက်များအရ အလယ် တန်းတွင် မိမိနှစ်သက်သောကဗျာကို အလွတ်ကျက်ထားမည်ဆိုလျှင် အသက် အရွယ်ကြီးရင့်သည်အထိ မမေ့နိုင်ပေ။ ဆိုလိုသည်မှာ လူငယ်ဘဝက စိတ်ပါ လက်ပါဖြည့်ဆည်းထားသော အရာ မှန်သမျှ အသက်အရွယ်ကြီးရင့်သည်အထိ မေ့ပျောက်မသွားခြင်းကို ညွှန်းဆိုခြင်း ဖြစ်သည်။ အလင်္ကာကျော်စွာမြို့မငြိမ်း ရေးသားသည့် လူချွန်လူကောင်းသီချင်း သည် ခေတ်အဆက်ဆက်မရိုးနိုင်သော သီချင်းဖြစ်သည်။ စာရေးသူ၏ဆောင်းပါး ခေါင်းစဉ်သည် အဆိုပါသီချင်းထဲတွင် ပါဝင်သောစာသားဖြစ်သည်။

လူငယ်များကို လူချွန်လူကောင်းများ ဖြစ်အောင် လက်ဦးဆရာဖြစ်သော မိဘ နှင့်ဆရာတို့က ပြုစုပျိုးထောင်ပေးကြရ သည်။ ထို့အတူ နိုင်ငံတော်အစိုးရကလည်း ထူးခြားစွာအားပေးကြရသည်။ နိုင်ငံတော် အစိုးရ၏အားပေးမှုသည် လူငယ်တို့၏ အနာဂတ်ကို တောက်ပြောင်စေသည်။ နိုင်ငံတော်၏အနာဂတ်ကို လင်းလက် စေသည်။ "ကမ္ဘာ့သမိုင်းရာဇဝင် သုံးသပ် လေ့လာသင် အကြံဉာဏ် ဝေဖန်မြော်လို့ မြင် ငါတို့ပြည်ထောင်စုတွင်...ကမ္ဘာ့ ရေကြောင်းသင်္ဘောမောင်းနှင်မြေပြင် လေပြင်နှံ့စပ်စုံလင် တို့လူချွန်လူကောင်း အထုတွင် ပါဝင်တစ်ယောက်ဆိုတအား ပင်"ဆိုသည့် လူချွန်လူကောင်းသီချင်း စာသားမှာ ယနေ့ရေကြောင်းလူငယ် သင်တန်း၊ လေကြောင်းလူငယ်သင်တန်း သားများကို ညွှန်းဆိုရေးခဲ့သလားဟု ထင်မြင်မိသည်။

လူငယ်မှန်သမျှသည် အနာဂတ် နိုင်ငံတော်ကို လက်ဆင့်ကမ်းတာဝန် ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြ သည်။ လက်ဆင့်ကမ်းတာဝန်ကိုကျေပွန် စွာထမ်းဆောင်နိုင်ရေးအတွက် သူတို့ကို ကောင်းမွန်စွာ မြေတောင်မြှောက်ပေး ရမည်မှာ လက်ရှိလူကြီးများ၏တာဝန် ဖြစ်သည်။ လူကြီးများ၏စီမံဆောင်ရွက်မှု အတိုင်း ကောင်းမွန်စွာလိုက်ပါလုပ်ဆောင်



ရမည်မှာလည်း လူငယ်များ၏တာဝန်ဖြစ် သည်။ အရည်အသွေးပြည့်ဝ၍ စိတ်ဓာတ် ကောင်းမွန်သောလူငယ်များ ဖြစ်ထွန်း ပေါ်ပေါက်လာမှလည်း နိုင်ငံတော်၏ အနာဂတ်သည် တောက်ပြောင်နေမည် ဖြစ်သည်။

ယခုအခါ နွေရာသီကျောင်းပိတ်ရက် များအတွင်း ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ကောင်းကျိုးရှိမည့် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက် ရှိသည်။ အဆိုပါသင်တန်းများတွင် တပ်မတော်က နှစ်စဉ်ဖွင့်လှစ်ပေးလျက် ရှိသည့် ရေကြောင်းနှင့်လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့် သင်တန်းများလည်းပါဝင်သည်။ အဆိုပါ သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများတိုးပွားစေသည်။ မိမိတို့၏ ကျောင်းအားလပ်ရက်ကို အကျိုးရှိစွာ အသုံးပြုနိုင်သည်။ မိမိတို့ဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေ သည်။ နိုင်ငံတော်အတွက် ရေကြောင်း ပညာနှင့်လေကြောင်းပညာကျွမ်းကျင် သော အနာဂတ်မျိုးဆက်သစ်များ ပေါ်ပေါက်စေသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့်ရေကြောင်းလူငယ် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၇ ရက် နေ့က နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့ နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသ ကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့်ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲ ဒေသ၊ မြိတ်မြို့နှင့်ကျွန်းစုမြို့၊ ကရင် ပြည်နယ်တွင် ဘားအံမြို့နှင့်ရှမ်းပြည်နယ် တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ် စခန်းများ၌ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်း သူ ၈၀၀ ဦး တက်ရောက်လျက်ရှိသည်။ အဆိုပါရေကြောင်းလူငယ်သင်တန်းများ ကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်း လူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၅၅၀ ဦးတို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရှိ ရသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်း နှင့် တန်းမြင့်သင်တန်းများတွင် တပ်မ တော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်း မှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သား ဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံ သဘောတရားများ၊ အသုံးချရေကြောင်း လမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင်ရေကြောင်းသွားလာ ရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံ ရေကူးနှင့်လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့/လက်တွေ့သင်ကြားပေးနေပြီ ဖြစ်သည်။ ကြိုးစားလျှင်ကြိုးစားသလို ထူးချွန်သူများအား ပေါ်ထွန်းလာမည်ဖြစ် သည်။ မြန်မာ့အားကစားမြှင့်တင်ရေး အတွက်လည်း ရေကြောင်းလူငယ် သင်တန်းများမှ လှေလှော်အားကစား နည်း၊ ရွက်တိုက်အားကစားနည်းများ အတွက် ထူးချွန်သည့်အားကစားသမား များမွေးထုတ်ပေးလျက်ရှိသည်မှာလည်း နိုင်ငံနှင့်တပ်မတော်အတွက် ဂုဏ်ယူဖွယ် ဖြစ်သည်။

ရေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးသည်နှင့်တစ်ချိန်တည်းမှာပင် လေကြောင်းလူငယ်သင်တန်းများနှင့် ပတ်သက်၍ အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၉)သင်တန်းများကို နေပြည်တော် သင်တန်းစခန်းအပါအဝင် သင်တန်း စခန်း ၂၀ ၌ ဖွင့်လှစ်ပေးခဲ့သည်။ အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)အား သင်တန်းစခန်း ၁၈ ခု သင်တန်း သား ၉၂၈ ဦးဖြင့်လည်းကောင်း၊ တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၉)အား သင်တန်းစခန်းနှစ်ခု၊ သင်တန်း သား ၁၁၆ ဦးတို့ဖြင့်လည်းကောင်း ဧပြီလ ၂၇ ရက်မှစတင်ဖွင့်လှစ်ပေးခဲ့သည်။

အခြေခံလေကြောင်းလူငယ်သင်တန်း တွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ် ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံ စစ်ရေးပြ(လက်နက်မဲ့)ဘာသာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်သည်။ တန်းမြင့် လေကြောင်းလူငယ် သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ရဟတ် ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ (လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်ဇာတိသွေး၊ ဇာတိမာန်ဘာသာ ရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ် ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်း ရေးအုပ်များပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ များတွင် လက်တွေ့ကွင်းဆင်းလေ့လာ ခြင်းများဆောင်ရွက်ပေးခဲ့သည်။

၂၀၂၆ ခုနှစ်ရေကြောင်းနှင့်လေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း စခန်းပေါင်းစုံသင်တန်းဆင်းပွဲများကို မေလ ၂၂ ရက်နေ့တွင် သတ်မှတ်နေရာများ၌ ကျင်းပခဲ့သည်။ ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)စခန်းပေါင်းစုံသင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံ အားကစားခန်းမ၌လည်းကောင်း၊ အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၉) သင်တန်းစခန်း အားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို နေပြည်တော်လေတပ်စခန်း၌လည်း ကောင်း ကျင်းပပြုလုပ်ခဲ့သည်။

ရေကြောင်းလူငယ်သင်တန်းသားများ အနေဖြင့်သင်တန်းကာလအတွင်း ဖရီးဂိတ် စစ်ရေယာဉ်(အောင်ဇေယျ)နှင့် ဖရီးဂိတ် စစ်ရေယာဉ်(ကျန်စစ်သား)တို့ဖြင့် ရန်ကုန် မြစ်ကြောင်းတစ်လျှောက် လက်တွေ့ စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာအချက် အလက်များ၊ ဆက်သွယ်ရေးနှင့်အီလက် ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ် ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကိုလက်တွေ့လေ့လာ ခြင်း၊ ရေကြောင်းလူငယ်စခန်းပေါင်းစုံ တွေ့ဆုံပွဲနှင့်စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ် ခြင်း၊ ရန်ကုန်မြို့တွင်း ရွှေတိဂုံစေတီတော် ဖူးမြော်ခြင်း၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာနှင့် အာကာသပြတိုက်လေ့လာခြင်းတို့ဆောင် ရွက်ကြသည်။

ထို့အတူ လေကြောင်းလူငယ်သင်တန်း သားများအား သင်တန်းတွင်ပို့ချသည့် ဘာသာရပ်များအပြင် လေယာဉ်/ရဟတ် ယာဉ်များ၏ ပျံသန်းမှုအခြေခံသဘော တရားများကို သိရှိနားလည်စေရန်အတွက် RCလေယာဉ်/ရဟတ်ယာဉ်လက်တွေ့ မောင်းနှင်ခြင်းများကို သက်ဆိုင်ရာ သင်တန်းစခန်းများအလိုက် လေ့ကျင့် သင်ကြားပေးခဲ့ကြသည်။ ထို့ပြင် ပြိုင်ပွဲများ ကျင်းပကာ ထူးချွန်ဆုရသင်တန်းသား များအား နည်းပြလေသူရဲများနှင့်အတူ တပ်မတော်(လေ)ရှိ အမောင်းသင် လေယာဉ်/ရဟတ်ယာဉ်များဖြင့် ကိုယ်တိုင် လိုက်ပါပျံသန်းခြင်းများဆောင်ရွက်ခဲ့ကြ သည်။

သင်တန်းသားများအားလုံး ဒေသန္တရ ဗဟုသုတများရရှိစေရန်အတွက် နေပြည် တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး၊ သူရဲကောင်းဗိမာန်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ အာကာသပြတိုက် နှင့် နျူကလီးယားနည်းပညာသတင်း အချက်အလက်စင်တာတို့သို့လည်းကောင်း လေ့လာရေးပို့ဆောင်ခြင်းနှင့် စစ်ရေယာဉ် လိုက်ပါစီးနင်းခြင်းများဆောင်ရွက်ပေးခဲ့ သည်။

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ် လူငယ်မောင်မယ်များ နွေရာသီကျောင်း ပိတ်ရက်ကာလအတွင်း လေကြောင်းပညာ သမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်း နှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေမည်ဖြစ် သည်။ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင် သော ပညာရပ်များကို တတ်သိနားလည် ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်း များတွင် အထောက်အကူဖြစ်လာစေမည်။ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက် ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံး ညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့ အကျင့်ရရှိသည်။ လူငယ်များ၏ဝါသနာ ပါရာပညာရပ်ကို **စာမျက်နှာ ၁၃ သို့** ❐

❐ စာမျက်နှာ ၁၂ မှအဆက်

မြှင့်တင်ပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များကောင်းစွာ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

လူဆိုသည်မှာ အသက်အရွယ်အလိုက်ပြောင်းလဲလာကြခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်အရွယ်တွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ ပညာရပ်များကို သင်ယူခွင့်ရရှိခြင်းမှာ အထူးပင်ကောင်းမွန်သောအခွင့်အလမ်းဖြစ်သည်။ လူငယ်သည်တက်ကြွသည်။ စူးစမ်းလိုစိတ်ရှိသည်။ နာခံမှုကောင်းသည်။ ဖြူစင်သောကျောင်းသား၊ ကျောင်းသူလူငယ်မျိုးဆက်သစ်များကို နိုင်ငံတော်နှင့်တပ်မတော်က ယခုကဲ့သို့ ပြုစုပျိုးထောင်ပေးခြင်းဖြင့် သူတို့၏အနာဂတ်ကို သူတို့လှပအောင် တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ တပ်မတော်တွင် အခြေခံဖြစ်သည့် စစ်ရေးပြဘာသာရပ်ကို သင်ကြားတတ်မြောက်ခြင်းဖြင့် စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုရရှိစေမည်ဖြစ်သည်။ စည်းကမ်းကောင်းမွန်ခြင်းနှင့်အမိန့်နာခံတတ်ခြင်းမှာ မည်သည့်လုပ်ငန်းခွင်တွင်မဆို အလိုအပ်ဆုံးသောအရာဖြစ်သည်။ စည်းကမ်းရှိမှတိုးတက်မည်ဟူသော စကားသည် လွဲမှားမှုမရှိသောအမှန်တရားဖြစ်သည်။ စည်းကမ်းမကောင်းသူကို မည်သူကမျှ ကြိုက်နှစ်သက်မည်မဟုတ်ပေ။ မိဘဖြစ်သူကိုယ်တိုင်ပင် မိမိ၏ သားသမီးစည်းမရှိ၊ ကမ်းမရှိနေထိုင်သွားလာနေသည်ကို ကြိုက်နှစ်သက်မည်မဟုတ်ပါ။

ယခုမျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များမှာ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများ တက်ရောက်ထားခြင်းအားဖြင့် သူတို့သည်အဖိုးတန်သောလူချွန်လူကောင်းကလေးများဖြစ်လာပေမည်။ လူချွန်လူကောင်းကလေးများဖြစ်အောင်လည်း တပ်မတော်(ရေ)နှင့်တပ်မတော်(လေ)တို့မှ နည်းပြများက အကောင်းဆုံးသင်၊ အကောင်းဆုံးပြင်ပေးခဲ့ကြပြီးဖြစ်သည်။ လူတိုင်း၏ဘဝတွင် လူငယ်ဘဝသည် အားကျဖွယ်အကောင်းဆုံးဖြစ်သည်။ ကြိုးစားလျှင်ကြိုးစားသလောက် ခရီးပေါက်နိုင်သည်။ အထက်သို့တက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ လေ့ခွက်ချည်းကျန် အလံမလဲ့သည့်စိတ်ဓာတ်၊ ငုပ်မိသဲတိုင်တက်နိုင်ဖျားရောက် စိတ်ဓာတ်တို့ဖြင့် နည်းပြများ၏သင်ကြားပို့ချမှုမှန်သမျှကို ပြည့်ပြည့်ဝဝရရှိအောင် စိတ်ဝင်တစားသင်ယူခဲ့ကြပြီးလည်းဖြစ်သည်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်၊ အချိန်ရှိခိုက်လုံ့လစိုက်ဟူသော စကားပုံများကို စွဲမြဲမှတ်သားကာ ကြိုးစားခြင်းဖြင့် မိမိတို့တစ်ဦးချင်းစီ၏အနာဂတ်ကို ကောင်းသည်ထက် ကောင်းအောင်၊ တော်သည်ထက်တော်အောင် စီမံဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ ဤပညာရပ်များသည် လူငယ်မောင်မယ်ကျောင်းသား၊ ကျောင်းသူများအဖို့ ကံကောင်းထောက်မ၍ သင်ကြားခွင့်ရရှိခြင်းဖြစ်သည်။ လူငယ်မောင်မယ်တိုင်း သင်ယူခွင့်ရရှိနိုင်သည်မဟုတ်ပေ။ စိတ်ရင်းစေတနာကောင်းဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာသည့်အခွင့်အရေးကောင်းများကို ရရှိအောင်၊ အိတ်သွန်ဖာမှောက်ရရှိအောင်၊ တတ်မြောက်အောင် သင်ယူကြပြီး နိုင်ငံတော်ကို အကျိုးပြုကြရမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မေလ ၂၅ ရက် နံနက်ပိုင်းတွင်၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် **“နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များဖြစ်ရန် အမိနိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၏ အဓိကအရေးပါမှုကိုသိရှိထားရန် လိုအပ်ကြောင်း။**

**လူငယ်များသည် ခေတ်သမိုင်းနှင့် အနာဂတ်သမိုင်းအတွက် ပဓာနကျပြီး တန်ဖိုးရှိသည့်ရတနာများပင်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါတဲ့ လူ့စွမ်းအားအရင်းအမြစ်ကောင်းများလည်းဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များ၏ စွမ်းအားသည် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး အင်အားစုများပင်ဖြစ်သည်ကို လူငယ်မောင်မယ်များအားလုံးသိရှိထားကြရန် မှာကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

**■ ပညာဆိုသည်မှာ သင်ကြား၍မကုန်နိုင်သောအရာဖြစ်၊ ရေကြောင်းပညာ၊ လေကြောင်းပညာဆိုသည်မှာလည်း သင်ယူ၍မကုန်နိုင်သော ပညာရပ်ဖြစ်၊ အဆိုပါပညာရပ်များ၏တစ်စိတ်တစ်ပိုင်းကို နွေရာသီကျောင်းပိတ်ရက်တိုင်း လူငယ်မောင်မယ်တို့အား သင်ကြားပို့ချပေးနေသည်မှာ အနာဂတ်နိုင်ငံတော်ကာကွယ်ရေးအတွက် ကောင်းမွန်သောအစီအမံ(ရင်းနှီးမြှုပ်နှံမှု)များဖြစ် . . .**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများအနေဖြင့် မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာခြင်းကို အစဉ်လိုလားလျက်ရှိကြသည်။ ယနေ့ကမ္ဘာတွင်နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အား၊ ပညာရေးအင်အား အစရှိသည်ဖြင့် အင်အားချင်းယှဉ်ပြိုင်နေကြရသည်။ မြန်မာနိုင်ငံအနေဖြင့် တည်နေရာအနေအထားအရ အင်အားကြီးမားသောနိုင်ငံကြီး နှစ်နိုင်ငံနှင့်ဆက်စပ်နေခြင်း၊ လူဦးရေပေါက်ဖွားမှုနှုန်းမြင့်မားသည့်နိုင်ငံနှင့်ဆက်စပ်နေခြင်း စသည့်အနေအထားများအရ နိုင်ငံတော်ကာကွယ်ရေးကို အစဉ်တစိုက်မြင့်မားသည်ထက်မြင့်မားနေအောင် ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့်လည်း လူကြီးများသင်ကြားပြသသောပညာရပ်များကို အားကြိုးမာန်တက်တတ်မြောက်အောင် သင်ယူကြရာတွင် ပညာရှာပမာ သူဖုန်းစားဆိုသကဲ့သို့ ရိုသေကျိုးနွံစွာ၊ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးစိတ်ဓာတ်ဖြင့် သင်ယူကြရမည်ဖြစ်သည်။ ပညာဆိုသည်မှာ သင်ကြား၍မကုန်နိုင်သောအရာဖြစ်သည်။ ရေကြောင်းပညာ၊ လေကြောင်းပညာဆိုသည်မှာလည်း သင်ယူ၍မကုန်နိုင်သော ပညာရပ်ဖြစ်သည်။ အဆိုပါပညာရပ်များ၏တစ်စိတ်တစ်ပိုင်းကို နွေရာသီကျောင်းပိတ်ရက်တိုင်း လူငယ်မောင်မယ်တို့အား သင်ကြားပို့ချပေးနေသည်မှာ အနာဂတ်နိုင်ငံတော်ကာကွယ်ရေးအတွက် ကောင်းမွန်သောအစီအမံ(ရင်းနှီးမြှုပ်နှံမှု)များဖြစ်သည်။ မည်သည့်ပညာရပ်မဆို မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းအမွေပေးထားနိုင်မှသာ ပိုမိုတိုးတက်ထွန်းကားနေမည်ဖြစ်သည်။ လက်ဆင့်ကမ်းအမွေပေးထားခြင်းမရှိပါက ပညာရပ်များတိမ်ကောပပျောက်သွားလေ့ရှိသည်ကို မြန်မာ့သမိုင်းတွင် သင်ခန်းစာများအဖြစ် သိရှိကြပြီးဖြစ်သည်။ ထို့ကြောင့် ပညာလိုလားသောလူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိအသုံးပြုခြင်းနှင့်အတူ မိမိအတွက်၊ မိမိ၏နိုင်ငံတော်အတွက် အကောင်းဆုံးသောလူ့စွမ်းအားအရင်းအမြစ်များဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နွေရာသီကျောင်းပိတ်ရက်အတွင်း ငွေကုန်ကြေးကျခံကာ ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းမှာ လူငယ်များအနေဖြင့် အနာဂတ်တွင် မိမိနိုင်ငံအတွက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်ဖြစ်သည်။ လူငယ်ရေးရာဝန်ကြီးဌာနအတွက်လည်း များစွာ အထောက်အကူဖြစ်စေသည်။ ရေကြောင်းပညာများ၊ လေကြောင်းပညာများကိုစိတ်ပါဝင်စားစွာ သင်ယူကြသောလူငယ်များအရေအတွက်သည် များပြားစွာ ရှိနေမည်ဖြစ်သည်။ လူငယ်များအနေဖြင့် မိမိနိုင်ငံနှင့်လူမျိုးကို ချစ်ခင်မြတ်နိုးစွာကာကွယ်စောင့်ရှောက်ကြရမည်။ ထိုသို့ စောင့်ရှောက်နိုင်ရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝရေးအတွက် သင်ကြားပေးနေခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်နှင့်တပ်မတော်က လူငယ်မောင်မယ်တို့ကို **“လူချွန်လူကောင်းလေးတွေဖြစ်အောင် မြေတောင်မြှောက်ကာမြှင့်တင်”** နေခြင်းကို အထူးပင်ဝမ်းသာပီတိဖြစ်မိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး



မတ္တရာ မေ ၂၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ဌာနဆိုင်ရာများပူးပေါင်းပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးခြင်းကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟိန်းမင်းထွန်းနှင့် ဝန်ထမ်းများက ပြည်သူများအား ပလတ်စတစ်အိတ်များအသုံးပြုခြင်းအစား Recycle Bag များအသုံးပြုကြရန် အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ပလတ်စတစ်ညစ်ညမ်းမှုအားဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ ပလတ်စတစ်ညစ်ညမ်းမှု မဖြစ်စေရေး၊ ပလတ်စတစ်ညစ်ညမ်းမှု၏ဆိုးကျိုးများ စသည့်အကြောင်းအရာများ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အိတ်အစားထိုး Recycle Bag များဖြန့်ဝေပေးကြောင်း သိရသည်။

ရွှေရာသား

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများ သိစေချင် |
| ၅။ | ၀၉:၅၀ | တွေးမယ်ဖြေမယ် |
| ၆။ | ၁၂:၁၅ | လေးစားအတုယူစံနမူသူရဲကောင်းများ |
| ၇။ | ၁၂:၃၀ | မျှဝေဆွေးနွေး အနာဂတ်အရေး |
| ၈။ | ၁၃:၂၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၅:၂၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၁၀။ | ၁၅:၄၀ | ဇာတ်လမ်းတို |
| ၁၁။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| ၁၂။ | ၁၉:၀၀ | CGTN NATURE(26) |
| ၁၃။ | ည ၈ နာရီသတင်းအပြီး | နိုင်ငံတကာသတင်း |
| ၁၄။ | | မိုးလေဝသသတင်း |
| ၁၅။ | | ဆောင်းပါးပေါ်မှစာစုများ |
| ၁၆။ | | သူတော်လမ်းပြဓမ္မဒါန |
| ၁၇။ | | တရားတော် |

**MWD Variety Channel**

၂၆-၅-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၅ | ကျန်းမာသောဘဝ |
| ၂။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၃။ | ၁၄:၄၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၄။ | ၂၂:၄၀ | ကြည်နူးဖူးမြော်ဘုရားပုထိုးစေတီတော် |

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် မေ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗဟိုလေ့ကျင့်ရေးကျောင်း၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့မှ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအနက် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများကို လုပ်ငန်းခွင်အကြိုသင်တန်းအမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်း တက်ရောက်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဦးစီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦးတက်ရောက်သည်။

အဆိုပါသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အမှုထမ်းဝန်ထမ်းများအား အရည်အသွေးထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရားပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသောအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင်အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှအားကိုးရသော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မေလ ၂၅ ရက်မှ ဇွန်လ ၁၉ ရက်အထိ ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၈)သင်တန်းဖွင့်

ရန်ကုန် မေ ၂၅

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၈)၏သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းအမှတ်စဉ် (၂၁၈) သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၁၈၉ ဦး၊ သင်တန်းသူ ၂၈၅ ဦး စုစုပေါင်း ၄၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၂၅ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိဖြစ်ကြောင်းသိရသည်။

မြဝတီ



# နေပြည်တော် ပြည်သူ့ဆေးရုံကြီးခုတင်(၁၀၀၀)၌ သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုစစ်ဆေးခြင်းကို အပတ်စဉ်သောကြာနေ့တိုင်းဆောင်ရွက်ပေး

နေပြည်တော် မေ ၂၅

နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)၌ သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုစစ်ဆေးခြင်းကို အထူးကုဆရာဝန် (သားဖွားမီးယပ်)နှင့် ကျန်းမာရေးဝန်ထမ်းများက အပတ်စဉ်သောကြာနေ့တိုင်း အသက် ၂၅ နှစ်မှ ၄၉ နှစ်အတွင်းရှိအမျိုးသမီးများကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ



# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ခားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၂၇-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# (၂၅-၅-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၄,၂၅၈,၃၂၅.၂၇ | ၂၂,၄၂၇,၉၀၀.၁၀ | ၆၉,၂၁၈,၄၀၉.၈၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ထုပ်ပိုးမှုပစ္စည်းများ၊ စက္ကူ၊ မုယော၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄၉၃၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် မေ ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကျိုက်ဒိုး-ကော့ကရိတ်-သဃ်နန်းညီနောင်ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးတို့အတွက်ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သောရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးစွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကယားပြည်နယ် ဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိနယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးစွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ် (လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၅

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိနယ်မြေခံလေတပ်စခန်းဌာနချုပ်ရှိ ဘောလုံးအားကစားကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဘောလုံးအသင်းများ၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇွန်လ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိကိုးသိန်း အားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။





ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်းသိရသည်။

မြဝတီ

## ထူးခြားသည့် နေ့အပူချိန်များ

၂၅-၅-၂၀၂၆

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၃၉ | ဒသမ ဝ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၁ | ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၈ | ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | | | |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၈ | ဒသမ ဝ ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၉ | ဒသမ ဝ ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၃၈ | ဒသမ ဝ ဒီဂရီဆဲလ်စီးယက် |





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)တို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- ❖ **သင်တန်းများကို မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကိုလေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းနှင့်လေကြောင်းပညာကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်လေ့ကျင့်ပေးရခြင်းပင်ဖြစ် . . .**
- ❖ **လူငယ်များသည် ခေတ်သမိုင်းနှင့် အနာဂတ်သမိုင်းအတွက် ပဓာနကျပြီးတန်ဖိုးရှိသည့် ရတနာများပင်ဖြစ် . . .**
- ❖ **နိုင်ငံတော်၏မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်တို့နှလုံးသားတွင် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့သည် အမြဲရှင်သန်နိုးကြားနေရန်လည်း လိုအပ် . . .**

၁ ကျောဖုံးမှအဆက်

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် **"ယနေ့လူငယ် နောင်ဝယ်လူကြီး"**ဆိုသည့် စကားအတိုင်း နောင်လာမည့် အနာဂတ်တွင် နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် လူငယ်မောင်မယ်များကို ယခုကဲ့သို့ တွေ့ဆုံအမှာစကားပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျောင်းနေအရွယ် လူငယ်မောင်မယ်များသည် ပညာသင်ကြားရမည့်အရွယ်တွင် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ပညာသင်နှစ်များကို ဖြတ်သန်းခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ အခုကဲ့သို့နွေရာသီအားလပ်ရက်များတွင် လူငယ်မောင်မယ်တို့အတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗဟုသုတတွေတိုးပွားစေရန် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ၂၀၁၄ ခုနှစ်ကစပြီး နှစ်စဉ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

သင်တန်းများကို မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းနှင့်လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်လေ့ကျင့်ပေးရခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများကတစ်ဆင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်မှုအလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ဝါသနာကို ပြုစုပျိုးထောင်မြှင့်တင်ပေးရန်နှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက်မြင့်မားစေပြီး အနာဂတ် နိုင်ငံတော်နှင့်တပ်မတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်ကောင်းများကိုလည်းတွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များဖြစ်ရန် အမိနိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့်ဝေဟင်တို့၏ အဓိကအရေးပါမှုကိုသိရှိထားရန် လိုအပ်ကြောင်း။

လူငယ်များသည် ခေတ်သမိုင်းနှင့် အနာဂတ်သမိုင်းအတွက် ပဓာနကျပြီး တန်ဖိုးရှိသည့် ရတနာများပင်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါတဲ့ လူ့စွမ်းအားအရင်းအမြစ်ကောင်းများလည်းဖြစ်ကြောင်း၊ လူငယ်



လေကြောင်းလူငယ်သင်တန်းမှ မဝင်းသိင်္ဂီက ကျေးဇူးတင်စကားပြောကြားစဉ်။

မျိုးဆက်သစ်များ၏စွမ်းအားသည် နိုင်ငံတော်အခွန့်ရှည်တည်တံ့ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်းဆုံးအင်အားစုများပင်ဖြစ်သည်ကို လူငယ်မောင်မယ်များ အားလုံးသိရှိထားကြရန်မှာကြားလိုကြောင်း။

ပညာပြည့်ဝနှလုံးလှသည့် လူသားတစ်ယောက်အဖြစ် ရှင်သန်ရပ်တည်နိုင်ရန်အတွက် အကောင်းဆုံးအဖော်မွန်သည် ပညာပင်ဖြစ်ကြောင်း၊ ပညာသည်သာ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားဆုံးဖြတ်လုပ်ကိုင်နိုင်သည့် ဉာဏ်ရည်ကို ထုဆစ်ပုံဖော်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာဟု ဆိုသည့်နေရာတွင် အသိပညာ၊ အတတ်ပညာဟူ၍ ပိုင်းခြားသိမြင်နိုင်ရမည်ပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာကိုပိုင်ဆိုင်ရန် အတန်းပညာသည်အဓိကအခြေခံပင်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများကတစ်ဆင့် လူသားတစ်ယောက်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူနေမှုအဆင့်အတန်းများသည်လည်း တိုးတက်ပြောင်းလဲလာသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း။

ယနေ့ ပညာတတ်ပေါကြွယ်ဝသည့်နိုင်ငံများသည် ကမ္ဘာပေါ်တွင် ရှေ့ဆုံးကရပ်တည်နေကြသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဦးဆောင်နိုင်ရန်အတွက် ပညာ၏လက်တွဲခေါ်ဆောင်မှုကတစ်ဆင့် လူသားတို့၏ကြိုးစားအားထုတ်မှုများ၊ တီထွင်ကြံဆမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြ၍ တိုးတက်မှုများသည် တစ်ဆင့်ပြီးတစ်ဆင့်မြင့်မားလာခဲ့ပြီး လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားစွာရပ်တည်ရှင်သန်နေကြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံကြွယ်ဝသည့်လူငယ်များဖြစ်စေရေးကဏ္ဍစုံတွင် အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့်ဘောဂဗလဆိုသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် ပဲ့ထိန်းသဖွယ်တည်ရှိနေသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ လူတော်ဖြစ်စေရန်အတွက် အသိပညာ၊ အတတ်ပညာများလိုအပ်သကဲ့သို့လူကောင်းဖြစ်စေရန်အတွက်လည်း စာရိတ္တအခြေခံကောင်းများ ပိုင်ဆိုင်ထားရန်လိုအပ်ကြောင်း၊ ၎င်းသည် စာရိတ္တဗလ၏အရေးပါမှုကို ညွှန်းဆိုထားခြင်းပင်ဖြစ်ကြောင်း၊ လူငယ်မောင်မယ်တို့အနေဖြင့် ယခုလိုငယ်ရွယ်နုပျိုစဉ်ကတည်းက စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ စာရိတ္တကောင်းမွန်ရန်အတွက် လူငယ်မောင်မယ်တို့သည် သီလကောင်းသည့် လူငယ်များဖြစ်ရန်လိုကြောင်း၊ သီလကောင်းမွန်ပြီး အတ္တနှင့်ပရကို မျှတအောင်နေထိုင်ကျင့်ကြံဆောင်ရွက်နိုင်မှသာ စာရိတ္တ

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အသိပညာပေးဆွေးနွေးပွဲနှင့် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း အခမ်းအနားကျင်းပ

စစ်တွေ မေ ၂၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦး၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအသိပညာပေးဆွေးနွေးပွဲသို့တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းရှင်များကို လုပ်ငန်းလိုင်စင်များ ပေးအပ်ကာ ခန်းမအတွင်း ဌာနဆိုင်ရာများက လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ (၃၉)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းလာရောက်အပ်နှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများပေးအပ်သည်။

ယင်းနောက် မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံးသို့သွားရောက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ဆရာဝန်၊ သူနာပြုများက မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ IDP စခန်းများမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

## ဘဏ်ပိတ်ရက် ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ မေလ (၂၈) ရက် (ကြာသပတေး)နေ့သည် "အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)"နေ့ဖြစ်သည့်အတွက် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မဏ္ဍိုင်၏အခြေခံခိုင်မာမှုကိုစတင်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်တို့အနေဖြင့် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင်တည်ဆောက်နိုင်ပြီဆိုပါက **“ပညာပြည့်ဝနှလုံးလှ”**သည့်အပြင် **“စွမ်းအားလည်းညီ ခေတ်လည်းမီ”**သည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်တွင် တစ်ပြိုင်တည်းထွန်းတောက်လာကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်တို့နှလုံးသားတွင် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့သည် အမြဲရှင်သန်နိုးကြားနေရန်လည်း လိုအပ်ကြောင်း။

လူငယ်မောင်မယ်တို့အနေဖြင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် အပြည့်အဝရှိသည့် မျိုးဆက်သစ်များပီပီ နောင်အနာဂတ်မှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် စတင်ကြိုးစားလျှောက်လှမ်းသွားကြရန် လေးလေးနက်နက်တိုက်တွန်းပြောကြားလိုကြောင်း။

စာပေသည် လူသားတို့၏နှလုံးသားကို သွန်သင်ဆုံးမပေးနိုင်သည့် ဆရာတစ်ဆူဖြစ်သကဲ့သို့ ဘဝများကိုထိန်းကျောင်းပြုပြင်ပေးနိုင်သည့်မိတ်ဆွေအရင်းအချာတစ်ဦးပမာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုသည့်နေရာတွင်လည်း မိမိနှလုံးသား၊ မိမိဘဝ၊ မိမိလူမျိုး၊ မိမိနိုင်ငံအတွက် နှလုံးအာဟာရကောင်းများပေးစွမ်းနိုင်သည့် အကျိုးပြုစာပေများကို ရွေးချယ်ဖတ်ရှုကြရန်လိုအပ်ကြောင်း၊ ယနေ့ Social Media အင်အားကြီးထွားလာမှုအပိုင်းတွင် အဆိပ်သင့်စာပေများသည် နေရာအနှံ့ကနေ ပျံ့နှံ့စိမ့်ဝင်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရကြောင်း၊ မျိုးဆက်သစ်လူငယ်များသည် စာအုပ်စာပေများနှင့် တဖြည်းဖြည်းဝေးကွာလာခဲ့ကြပြီး Social Media များနှင့် ပိုမိုနီးစပ်သွားကြသည့်အတွက် Social Media တွေကတစ်ဆင့် အဆိပ်သင့်သတင်းများ၊ အဆိပ်သင့်စာပေများသည် မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားနှင့်အသိတရားကို အင်အားကြီးမားစွာဖြင့် ခြေမွဖျက်ဆီးပစ်နိုင်သည်ကိုလည်း လူငယ်များအားလုံး သတိပြုဆင်ခြင်ကြရန်လိုအပ်ကြောင်း။

ယနေ့ခေတ် လူငယ်မောင်မယ်တို့ကြားတွင် စာဖတ်သည့်အလေ့အထကောင်းများ ရှားပါးလာသည်ကို တွေ့မြင်လာရကြောင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ရှိစေရန်အတွက် လူငယ်မောင်မယ်တို့သည် စာပုံမှန်ဖတ်ဖြစ်သည့် အလေ့အကျင့်တစ်ခုကို စတင်ပျိုးထောင်သွားကြရန်လိုကြောင်း၊ အကျိုးပြုစာပေမျိုးစုံကို ဖတ်ရှုလေ့လာနိုင်လာသည်နှင့်အမျှ မိမိနှစ်သက်စိတ်ဝင်စားရာ စာပေအမျိုးအစားကို မိမိနှလုံးသားက ပိုင်းခြားဆုံးဖြတ်ပေးသွားခြင်းဖြစ်ကြောင်း။

ပညာပြည့်ဝသည့် လူသားတစ်ယောက်၏ စိတ်နှလုံးသားသည် အရာရာကို မှန်မှန်ကန်ကန်နှင့် ရှုမြင်ပိုင်းခြားဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်တို့အနေဖြင့် ပညာဆိုသည့် အဖော်မွန်ကို လက်တွဲပြီး နိုင်ငံတော်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည့် နောင်ဝယ်လူကြီးများဖြစ်အောင် ကြိုးစားကျင့်ကြံသွားကြရန် မှာကြားလိုကြောင်း။

အမိမြေကို ကာကွယ်စောင့်ရှောက်နိုင်ရန် ယခုအရွယ်ကတည်းကစတင်ပြီး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသွားကြရန်၊ မိမိဘဝကိုပညာနှင့်အဖော်ပြုပြီး ကောင်းအောင်တည်ဆောက်ကြရန်၊ မိမိတို့ဘဝတစ်လျှောက်ကြုံတွေ့လာခဲ့ရသည့် အတွေ့အကြုံများစွာထဲက ကောင်းသည့်အချက်များကို ဆောင်ပြီး မကောင်းသည့်အချက်များကို ရှောင်ရှားကာ မိဘများက ဂုဏ်ယူရသော၊ နိုင်ငံတော်က အားထားရသော **“စွမ်းအားလည်းညီ ခေတ်လည်းမီ”**သည့် နောင်ဝယ်လူကြီးများဖြစ်ကြပါစေကြောင်းဖြင့်ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ရေကြောင်းလူငယ်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

၎င်းနောက်ရေကြောင်းလူငယ်သင်တန်းမှ မဖြိုးသဉ္ဇာလင်းနှင့် လေကြောင်းလူငယ်သင်တန်းမှ မဝင်းသိင်္ဂီတို့က သင်တန်းများတွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာအတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြပြီး ကျေးဇူးတင်စကားများ အသီးသီးပြန်လည်ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့မှ လူငယ်မောင်မယ်များနှင့် အုပ်ချုပ်သူနည်းပြများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်သင်တန်းနှင့်လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့်အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့မတက်ရောက်မီ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့်အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။



ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော တပ်မတော်(လေ)တွင်အသုံးပြုနေသည့် လေယာဉ်နှင့်ရဟတ်ယာဉ်များ၏ပုံစံငယ်များအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာစဉ်။

(၁၀၀)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



မကွေး မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ်အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တိုင်းဒေသကြီးပညာရေးမှူးရုံးရှေ့နှင့်မြို့တော်ခန်းမတို့၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက ကျောင်းအပ်ကြမယ်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဥယျာဉ်မှူးကိုယ်ပိုင်ကျောင်းမှ Grade-7 ကျောင်းသား မောင်လွှင်သန့်ထူးအောင်နှင့် တယောအဖွဲ့က တိမ်တမန်၊ အလှကမ္ဘာမြေနှင့်မြန်မာ့ကျောင်းတေးသီချင်းများအား တယောဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအတွက်အခမဲ့ထောက်ပံ့သော သင်ထောက်ကူပစ္စည်းနှင့် ကျောင်းသုံးပစ္စည်းများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw delivers speech at coordination meeting of National Disaster Management Committee



Vice President U Nyo Saw delivers speech at coordination meeting of National Disaster Management Committee.

NAY PYI TAW May 25

The National Disaster Management Committee held its coordination meeting at the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon, with an address by Chairman of the Committee Vice President of the Republic of the Union of Myanmar U Nyo Saw.

Also present at the meeting were Union ministers who take responsibilities of vice-chairs and committee members, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, departmental heads and officials together with chief ministers of regions and states through video conferencing.

Speaking on the occasion, the Vice President said that the purpose of holding today's meeting is for the National Committee, which is primarily responsible for natural disaster management in Myanmar, to review the completion of rehabilitation activities for damages and losses caused by climate change phenomena and previous natural disasters, as well as to learn about and coordinate the preparedness, preventive measures, and readiness arrangements made by ministries and by regions and states including Nay Pyi Taw to enable effective response to potential natural disasters that may arise in the future.

As now is in the monsoon period, it is necessary to place emphasis on preparedness measures by remaining alert to region-specific hazards and related disasters that commonly occur during the monsoon season, including storms and river flooding. Everyone needs to constantly observe weather forecasts and early warnings. During the current period, temperatures have been rising in some areas of central Myanmar, and there is also the possibility of El Niño conditions occurring. Moreover, special attention must be paid to the danger of earthquakes. By systematically carrying out disaster preparedness and preventive measures against natural disasters, it will not only be possible to reduce losses and damage caused by such disasters to a certain extent, but also enable more funds that would otherwise be spent on response and rehabilitation efforts to be utilized for national development processes.

Relevant ministries, as well as regions and states including Nay Pyi Taw, have to undertake sector-wise preparedness measures for various natural disasters. Preparations should be made in all sectors for possible disasters, including plans for the evacuation and relocation of people and animals, temporary shelter arrangements, emergency rescue and relief assistance, security, agriculture and livestock sectors, as well as rehabilitation measures for livelihoods that may be affected. Advance preparations are needed to ensure the structural integrity and maintenance of dams and embankments in respective regions, and to prevent disruptions in the operation of education and healthcare services.

Vice-Chairs of the Management Committee Lt-Gen Nyunt Win Swe and Dr Soe Win clarified grouping the social search and rescue squads to immediately respond to natural disasters, making arrangements for disaster shelters and relief camps, setting the fund for operation of relief and post-disaster reabilitation efforts, raising public awareness for knowledge about natural disasters on a wider scale, and storing relief supplies.

The meeting participants discussed the prepatory process to mitigate loss and damage in disasters and respond to disasters time to time, and efforts for rehabilitation process in post-disaster period.

The Vice-President coordinated necessary measures of reports and discussions and gave concluding remarks. **Myawady**

## Invitation to submit suggestions regarding Anti-online scam Bill

The State-owned newspapers have published the Anti-Online Scam Bill on 14 May 2026 for public reviews and observation to give suggestions. It was hereby announced that as the second regular sessions of Hluttaw will debate the bill, the people can submit suggestions and recommendations over the bill to the following addresses, no later than 2 June 2027-

1. Director General
   Pyidaungsu Hluttaw Office
   Nay Pyi Taw
2. Director General
   Pyithu Hluttaw Office
   Nay Pyi Taw
3. Director General
   Amyotha Hluttaw Office
   Nay Pyi Taw

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21

shine in the future State as the well-educated, kind-hearted and powerful new generation, if they can strengthen the moral foundation. Youth who are the nation's new generation should always be vigilant with patriotism.

Youths are solemnly urged to start a step to shoulder the duties of the State in the future as new generations who are fully instilled with patriotism and love for the country.

It can be seen that literature serves not only as a teacher who can mould the hearts of human beings but also as a true friend who can guide lives. In studying literature, it is necessary to choose beneficial ones that can give nutrition to one's heart. life, race and country. It can clearly be seen that social media has become so powerful that poisonous literary ideas have permeated from various sources. All youths are required to be cautious about the poisonous news and literary works that can powerfully destroy their hearts and conscience through social media as they have gradually moved away from books and literature and become closer to social media.

It can be seen that the good habit of reading is becoming rare among youths nowadays. To encourage the good habits of reading, it is necessary to start cultivating the habit of regularly reading among youths. As they read various kinds of beneficial literary works, their hearts will decide which kinds of literary genre they are interested in.

It can be seen that the heart of a well-educated person can analyze and decide everything correctly. Therefore, youths are urged to try to be adults of the future who can protect the State by joining hands with a true friend called wisdom.

In conclusion, he urged youths to start trying to make oneself better, to build better lives by befriending with education and to be the adults of future, **who are capable and relevant,** can be relied upon by the State and parents can be proud of, by preserving the good and avoiding the bad from their experience to defend the motherland.

Then, the Commander-in-Chief of Defence Services presented commemorative gifts to marine and aviation youths, who gave gifts of courtesy to him.

Ma Phyo Thinza Lin from the marine youths training course and Ma Win Theingi from the aviation youths training course explained marine and aviation experience, knowledge and benefits gained from the training courses and spoke words of thanks.

Then, the Commander-in-Chief of Defence Services hosted a tea party to youths and instructors from marine and aviation youths training courses while Myawady Music Band honoured the youths with music.

Afterward, the Commander-in-Chief of Defence Services and party cordially greeted the youths and instructors from the marine and aviation training courses.

Before the meeting, the youths attentively studied weapons manufactured by the Myanmar Tatmadaw, various uniforms used in Tatmadaw (Army, Navy, Air), communication equipment produced by the Myanmar Tatmadaw, small-scaled models of vessels manufactured by the Tatmadaw (Navy), naval equipment, small-scaled models of aircraft and helicopters and pilot uniforms and equipment and flight simulator displays at Zeyathiri Beikman and responsible officers conducted them at the exhibition. **100**


# Systematic demolition of illegal buildings used for online gambling and scam operations in Shwe Kokko region continues

NAY PYI TAW May 25

The Myanmar government is carrying out operations to prevent online gambling and scam activities in the Shwe Kokko region and KK Park area, where such illegal operations are most concentrated. Authorities are conducting clearance operations to ensure that no online gambling and scam activities are carried out within illegal buildings in these regions. A joint team comprising security forces, administrative bodies, and local authorities is systematically destroying seized equipment used in online gambling and scam operations, as well as demolishing illegal structures.

As part of these efforts, 635 illegal buildings used for online gambling and scam operations in the KK Park area have been identified, cleared, and systematically demolished in three phases (1, 2, and 3) to prevent the resurgence of such crimes and ensure that illegal activities cannot be reestablished in the region. On January 9, 2026, the government announced that 100 percent of illegal buildings in KK Park had been systematically demolished.

Destruction of a 4-story building used for an illegal online gambling operation in the Shwe Kokko area, Myawady District, Kayin State.




Destruction of buildings used for an illegal online gambling operation in the Shwe Kokko area, Myawady District, Kayin State.




Similarly, in the Shwe Kokko region, inspections were conducted at 322 illegal buildings to prevent online gambling and scam operations. Among these, 77 buildings were identified as being used for such activities. To demolish these, they were categorized into two phases: 57 buildings to be demolished using heavy machinery in the first phase, and 20 buildings to be destroyed by controlled explosions in the second phase. Today, as part of the systematic demolition process, two four-story buildings used for online gambling and scam operations were demolished using machinery within the Shwe Kokko region. Previously, one 13-story building had already been destroyed, bringing the total number of demolished buildings to three. Thus, out of the 77 illegal buildings, 74 remain to be demolished, and authorities will continue their systematic demolition in the days ahead.

The government views the fight against online gambling and scam operations as a national duty and will continue efforts, in coordination with domestic forces as well as neighbouring countries, to ensure that such activities are completely eradicated from Myanmar.

**100**

# Mawlaik Township harvests over 1,000 acres of winter haricot beans

MAWLAIK May 25

Over 1,000 acres of haricot beans planted during the winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, have been harvested, according to the statistics of the Department of Agriculture for Mawlaik District.

The Mawlaik Township has been able to plant 2,135 acres of haricot beans during the winter crops planting season, and the haricot bean fields have been harvested since January this year. To date, 1,779 acres have been harvested, yielding more than 19 baskets per acre.

"Haricot bean cultivation has expanded beyond the target area. We have provided farmers with good quality seeds, inputs, and post-harvest technology to improve the yield and quality of the crop," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Mawlaik Township, farmers who grow haricot beans have been provided with awareness-raising activities by the Township Agriculture Department to help them expand their cultivated areas, improve their yields, and cultivate good varieties using the GAP system. **SK**

# China launches year-long orbital mission with lunar ambitions



BEIJING May 25

Three Chinese astronauts have successfully reached the Tiangong space station, with one of them set to spend more than a year in orbit. This marks another step in Beijing's preparations for a future lunar landing.

The Shenzhou-23 spacecraft launched aboard a Long March-2F rocket from the Jiuquan Satellite Launch Center in the Gobi Desert late Sunday.

Less than four hours later, following a rapid rendezvous and docking process, the crew, led by Commander Zhu Yangzhu, successfully reached the Tiangong space station, a name that translates as "Heavenly Palace."

Former Air Force pilot Zhang Zhiyuan and payload specialist Lai Ka-ying, a former Hong Kong police officer and the first person from the city to travel to space, were welcomed by the outgoing Shenzhou-22 team.The astronauts are expected to spend around six months aboard the orbital station, carrying out scientific experiments, maintenance work, and spacewalks. One crew member is set to stay twice as long to complete China's first year-long mission in orbit.

The China Manned Space Engineering Office (CMSEO) said the Tiangong space station plays a key role in Beijing's plans to place two astronauts on the Moon before 2030.The orbital outpost helps provide long-duration spaceflight experience and allows China to test technologies needed for future lunar missions, agency spokesman Zhang Jingbo said. He added that the new Long March-10A rocket and the Mengzhou crew spacecraft will carry out a series of flights to Tiangong over the next two years to verify systems required for crewed Moon landings.

"We carry out the project of crewed lunar exploration under the established plan. We are not competing with other countries in space," said the agency's senior engineer Zhou Yaqiang. "When Chinese astronauts land on the Moon in the future, this will be a great feat for all of humanity."

Humans have not landed on the Moon since NASA's Apollo 17 mission in 1972. The US sent a crew on a flyby earlier this year as part of its Artemis program, but Beijing is seeking to challenge Washington's efforts to become the first to establish a permanent lunar presence.

Moscow and Beijing have expanded cooperation in space in recent years, agreeing to establish a joint data center for lunar and deep-space exploration focused on the Moon and Mars. In 2021, the two countries announced the International Lunar Research Station (ILRS) project, with Russia seeking to build a power station on the Moon to provide energy for the base within the next decade. **RT**

# Self-driving bus hit by tram on first day carrying passengers in Sweden

HELSINKI May 25

A self-driving bus in Gothenburg, Sweden, was hit from behind by a tram on Monday, just over an hour after it began carrying regular passengers, Swedish Television reported.

The bus had made its first passenger run at 10 a.m. local time, Patrik Chi, a spokesperson for regional public transport operator Vasttrafik, was quoted as saying.

The bus slowed down near Kapellplatsen in central Gothenburg before being hit from behind by a tram. No injuries were reported among those on the bus or the tram, according to the report.

There was only one regular passenger on the bus, along with several Vasttrafik employees who were taking part in the inaugural run. The vehicle was taken out of service after the accident and sent back to the depot for inspection and possible repairs.

Chi said Vasttrafik was sorry about the incident and would carry out a thorough analysis of what had happened.

The bus is a Karsan Autonomous e-ATAK, made by Turkish manufacturer Karsan. Images





carried by Swedish media showed a warning sign on the rear of the bus reading: "Keep distance! The bus may brake sharply."

The service is part of a Vasttrafik trial of autonomous public transport in urban traffic. According to Vasttrafik, a safety driver remains on board and can take control of the vehicle when needed. **Xinhua**

# Putin holds phone conversation with King of Bahrain-Kremlin

MOSCOW May 25

Russian President Vladimir Putin spoke by telephone with King Hamad bin Isa Al Khalifa of Bahrain, the Kremlin said on Monday.

"A telephone conversation took place between Russian President Vladimir Putin and King Hamad bin Isa Al Khalifa of Bahrain," the Kremlin said in a statement.

The leaders emphasized the need for a swift resolution to the crisis surrounding Iran, taking into account the interests of all states in the region, the statement added.

"The two sides reaffirmed their mutual commitment to further strengthening Russian-Bahraini cooperation in the trade, economic, financial, investment, and cultural and humanitarian spheres," the statement read. **Sputnik**

# Iranian delegation in Qatar for talks on potential peace deal with U.S.

TEHRAN May 25

A high-level Iranian delegation arrived in Doha on Monday for talks with Qatari officials on a possible peace agreement with the United States, according to Iran's semi-official Mehr News Agency.

The visit by the delegation, which includes Iranian Parliament Speaker Mohammad Bagher Ghalibaf and Foreign Minister Abbas Araghchi, among others, aims to advance diplomatic efforts mediated by Pakistan in recent weeks to end the "war of aggression imposed" by the United States and Israel against Iran, Mehr said.

During the visit, Ghalibaf is expected to meet with Qatar's Emir Sheikh Tamim bin Hamad Al Thani on bilateral issues as well as negotiations to end the war and lift sanctions, Mehr said in a separate report.

According to Mehr, Iran's Central Bank Governor Abdolnaser Hemmati is also part of the delegation to discuss the potential release of frozen Iranian funds as part of a final agreement.

Meanwhile, a Qatari source told Xinhua that discussions could focus on the security of the Strait of Hormuz, Iran's stockpile of highly-enriched uranium, and the issue of frozen Iranian assets held abroad.

Iran and the United States reached a ceasefire on April 8 after 40 days of fighting. Following the truce, they held one round of peace talks in Pakistan's Islamabad on April 11 and 12, which failed to yield an agreement.

Over the past weeks, the two sides reportedly exchanged several proposed plans outlining conditions for peace through Pakistan's mediation. **Xinhua**

# Commander-in-Chief of Defence Services General Ye Win Oo meets marine and aviation youth of 2026



Commander-in-Chief of Defence Services General Ye Win Oo presents a commemorative gift to aviation youth.



Marine and aviation youth attend a tea party.



Marine and aviation youth observe the displays with keen interest.

NAY PYI TAW May 25

Commander-in-Chief of Defence Services General Ye Win Oo met trainees and manager instructors of Basic and Advanced Marine Youth Course No. (1/2026), Basic Aviation Youth Course No.10 and Advance Aviation Youth Course No. 9 at Zeyathiri Beikman in Nay Pyi Taw this morning.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services,Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nang Kuu Ku, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, the Chief of General Staff (Army, Navy and Air) and wife, senior military officers from the Office of the Commander-in-Chief and wives, and distinguished guests.

In his address, the Commander-in-Chief of Defence Services said it is an honour for him to meet with the youths who will shoulder the State duties in the future as **the youth of today are the future of tomorrow.**

School age children have passed through the academic years, pursuing their education with zeal and perseverance. In accord with the guidance of the Head of State the annual marine and aviation youth courses were launched in 2014, with the objective of improving the physical and intellectual ability and general knowledge of youth during the holidays.

Other objectives of the courses are: intellectual development of the new generation, effective use of their school holidays, provision of an opportunity to study the subjects they are interested in, and production of future generations skilled in nautical and aeronautical sciences.

The courses are training youth to be supportive of the national defence through them, to have good morale and discipline and the habit of teamwork and be physically fit, to encourage their hobby, to strengthen their confidence and conviction and to bring about human resources for the Tatmadaw. As today's children to become new generation who can defend the country, they must understand the vital importance the country's land, water and air territory.

Youth are the jewels as they are in the essential part of the current history and future history. They are also crucial human resources for the nation-building task. All youth must know that they are the best force for perpetuation and development of the nation.



Ma Phyo Thinza Lin recounts her experiences at the Marine Youth Course.

Education is a best friend of a man to stand as a highly intellectual and kind-hearted person. Education can develop the wisdom that can differentiate right and wrong. When it comes to education, there are two parts: intellectual knowledge and technological knowledge. Here, school education is the foundation of the said two branches of knowledge. A person's intelligence level and living standard changes alongside the gradual rise in his educational level.

Countries with large numbers of educated persons are the leading countries of the world. Through constant human efforts and innovations and with the support of education, those countries gained gradual development and finally, their living standards improved till reaching a higher level.

The State is providing support and encouragement in multiple sectors for equipping youth with five strengths. Of the five strengths -- physical, intellectual, moral, social and economic strengths –moral strength acts as a guide.To become a clever person, a man needs intellectual and technical knowledge and to become a good person, he needs good moral foundation. It illustrates the importance of moral strength. Hence, since their childhood days, youth should strengthen their moral foundation.

Youth must be virtuous to have strong moral foundation. They will be able to strengthen their moral foundation only if **they are virtuous can strike a balance between self-interest and others-interest.** Youth will

See Page - 19

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု




**နေပြည်တော်   မေ ၂၅**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင်အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ ၆၃၅ လုံးအား ရှာဖွေဖော်ထုတ်ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမဆောင်ရွက်နိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း(၁၊ ၂၊ ၃) သတ်မှတ်၍ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ KK Park နယ်မြေရှိ တရားမဝင်အဆောက်အအုံ အားလုံးရာနှုန်းပြည့် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


အလားတူရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး တရားမဝင်အဆောက်အအုံ ၃၂၂ လုံးကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အား ချိတ်ပိတ်၍ ဖြိုချဖျက်ဆီးနိုင်ရေး အဆောက်အဦအမျိုးအစားအလိုက် ပထမဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဒုတိယအဆင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးကို အဆင့် ၂ ဆင့်ဖြင့် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ ပထမအဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး အနက်မှအွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် ၄ ထပ် အဆောက်အအုံ ၂ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ပြီး ယခင်၁၃ ထပ်အဆောက်အအုံ ၁ လုံးကို ဖျက်ဆီးပြီးဖြစ်သဖြင့် စုစုပေါင်းအဆောက်အအုံ ၃ လုံးကို ဖျက်ဆီးပြီးဖြစ်ရာ တရားမဝင်အဆောက်အအုံ ၇၇ လုံး အနက် ဖြိုချဖျက်ဆီးရန် တရားမဝင်အဆောက်အအုံ ၇၄ လုံးကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်သည့် ပထမအဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် ၄ ထပ်အဆောက်အအုံများ





ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်သည့် ၄ ထပ် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



## ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



**ရန်ကုန်   မေ ၂၅**

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင် Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများ အပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပ ဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ မေလ ၂၅ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ အချိန်တွင် ဂေါက်သီးရိုက်ကစားသမား ဦးကျော်ဝင်းထွန်းသည် ကစားဖော်များဖြစ်သော ဦးဆန်းဌေးမောင်၊ ဦးဇေယျာမင်း၊ ဦးကျော်ဇံတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)၌ SRIXON-1 ဘောလုံးကို Mizuno MP.001 Wood-5 တုတ်ဖြင့် ၁၇၉ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင်(Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာ နှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့်ငါးကြိမ် လက်မှတ်၊ Mytel မှ ငွေသားဆု ၁၀၀၀၀၀ ကျပ်နှင့် ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်မှ Dagon အမှတ်တံဆိပ်ပါ Golf Bag တစ်လုံးတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၉၇)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားလျက်ရှိကြောင်းသိရသည်။

မြဝတီ

## အခြေခံမီးသတ်ပညာသင်တန်းနှင့်ဟိုတယ်ဝန်ဆောင်မှုသင်တန်းသုံးမျိုးဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**တောင်ကြီး   မေ ၂၅**

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကိုကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တောင်ကြီးမြို့ရှိုင်ရယ်တောင်ကြီးဟိုတယ်၌ကျင်းပသည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောသည်။

အဆိုပါ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုးကို သင်တန်းကာလရက်သတ္တလေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အပြီးတွင် စပါးအသင်းတန်းမဆင်းရဘဲ ဝက်စ်ဟမ်းအသင်း အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရ

**လန်ဒန် မေ ၂၅**

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ တန်းဆင်းလက်ကျန် တစ်နေရာအတွက် စပါးအသင်းနှင့်ဝက်စ်ဟမ်းအသင်း တို့နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ကစားခဲ့ရပြီး နောက်ဆုံးပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက လိဒ်ယူနိုက်တက်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော်လည်း စပါးအသင်းက အဲဗာတန်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် စပါးအသင်းအနေဖြင့် တန်းမဆင်းရဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိပြီး ဝက်စ်ဟမ်းအသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရမည့်အသင်းသုံးသင်းတွင် ဘန်လေအသင်းနှင့် ဝုဗ်အသင်းတို့က ပြိုင်ပွဲမပြီးဆုံးမီကတည်းက တန်းဆင်းခဲ့ရပြီး လက်ကျန်တစ်နေရာအတွက် စပါးအသင်းနှင့်ဝက်စ်ဟမ်းအသင်းတို့ အဆုံးအဖြတ်ကစားရပြီး နောက်ဆုံးပွဲစဉ်တွင် နှစ်သင်းစလုံးနိုင်ပွဲရရှိသည့်အတွက် စပါးအသင်းက ရမှတ် ၄၁ မှတ်ဖြင့် အဆင့်(၁၇)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းအနေဖြင့် ရမှတ် ၃၉ မှတ်သာရရှိသည့်အတွက် နှစ်မှတ်အကွာဖြင့် ဝက်စ်ဟမ်းအသင်းက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့တန်းတက်လာပြီးနောက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းမရှိဘဲ ကာလရှည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားခွင့်ရရှိပြီး ယခုဘောလုံးရာသီမှသာ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်း တန်းဆင်းရသည့်အတွက် အသင်းမှ အဓိက ကစားသမားအများစုအနေဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

***Ref;433.com***

# ချယ်လ်ဆီးအသင်းကိုအနိုင်ရရှိပြီး ဆန်းဒါးလန်းအသင်း နှစ်ပေါင်း ၅၃ နှစ်အတွင်း ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်ရရှိ



**လန်ဒန် မေ ၂၅**

ဆန်းဒါးလန်းအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် ချယ်လ်ဆီးအသင်းကိုအနိုင်ရရှိပြီးနောက် နှစ်ပေါင်း ၅၃ နှစ်အတွင်း ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဆန်းဒါးလန်းအသင်းသည် နောက်ဆုံးပွဲစဉ်တွင် ချယ်လ်ဆီးအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၇)နေရာ၌ ရပ်တည်နိုင်သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ယခုဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့တန်းတက်လာနိုင်ပြီးနောက် ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘောလုံးတစ်ရာသီသာကစားပြီး နှစ်ပေါင်းအတန်ကြာဝေးကွာနေသည့် ဥရောပအဆင့်ပြိုင်ပွဲဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ၁၉၇၃ ခုနှစ်က ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရရှိခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ကစားခွင့်မရရှိဘဲ ယခုဘောလုံးရာသီမှသာ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းကို ရှုံးနိမ့်ခဲ့သည့် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယား အဆင့်(၁၀)နေရာ၌သာ ရပ်တည်နိုင်သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်နှင့်လွဲချော်ခဲ့ကြောင်း သိရသည်။

***Ref;Top Skills Sports UK***

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ဖာနန်ဒက် စံချိန်သစ်တင်




**မန်ချက်စတာ မေ ၂၅**

မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် ဘရိုက်တန်အသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖာနန်ဒက်သည် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ပွဲချိန် ၃၃ မိနစ်၌ သွင်းယူနိုင်သည့် အသင်းဖော်ဒိုကူ၏ သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်နိုင်သကဲ့သို့ ပွဲချိန် ၄၄ မိနစ်တွင်လည်း ကိုယ်တိုင်တစ်ဂိုးသွင်းယူနိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး မန်ယူအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ကာ ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် ယခုဘောလုံးရာသီတွင် ဂိုးဖန်တီးမှု ၂၁ ကြိမ်အထိရှိလာခဲ့သည်။

ဖာနန်ဒက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဘောလုံးတစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် အာဆင်နယ်အသင်းကစားသမားဟောင်း အွန်နရီနှင့် မန်စီးတီးအသင်းကစားသမားဟောင်း ဒီဘရိုင်းတို့ကိုကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘောလုံးတစ်ရာသီဂိုးဖန်တီးမှုအများဆုံးကစားသမားများအဖြစ် အွန်နရီက ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၊ ဒီဘရိုင်းက ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတို့တွင် ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်ခဲ့ပြီး ဘောလုံးတစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နေခြင်းကို ယခုအခါ ဖာနန်ဒက်က တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ဘောလုံးကလောင်ရှင်အစည်းအရုံးက ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့်မန်ယူအသင်း၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆု စသည့်တစ်ဦးချင်းဆုတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# မန်စီးတီးအသင်းက နည်းပြဂွါဒီယိုလာ ရုပ်တုကို အိမ်ကွင်းရှေ့၌ထားရှိပြီး ဂုဏ်ပြုမှုလုပ်ဆောင်မည်

**မန်ချက်စတာ မေ ၂၅**

မန်စီးတီးအသင်းက အသင်းမှထွက်ခွာခဲ့သည့် နည်းပြဂွါဒီယိုလာကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ ရုပ်တုကို အိမ်ကွင်းရှေ့၌ထားရှိပြီး ဂုဏ်ပြုမှုလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းကို ဆုဖလားများစွာဆွတ်ခူးနိုင်ပြီး ဥရောပတွင် ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ကာ အသင်းနှင့်စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း နည်းပြဂွါဒီယိုလာကိုယ်တိုင်က အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက အစောပိုင်းကလည်း ကစားသမားဟောင်းများဖြစ်သည့် အဂူရို၊ ဒေးဗစ်ဆေးဗား တို့ကို ဂုဏ်ပြုသည့်အနေဖြင့် အိမ်ကွင်းရှေ့၌ ရုပ်တုထုလုပ်ကာ ဂုဏ်ပြုခဲ့ပြီး ယခုအခါတွင်လည်း အသင်းကို ဆုဖလားများစွာဆွတ်ခူးပေးနိုင်ခဲ့သည့် ဂွါဒီယိုလာကို ဂုဏ်ပြုသည့်အနေဖြင့် ရုပ်တုထုလုပ်ကာ ဂုဏ်ပြုမည်ဖြစ်သည့်အပြင် အသင်းအိမ်ကွင်းပွဲကြည့်စင်တစ်ခြမ်းကိုလည်း ဂွါဒီယိုလာ၏အမည် သတ်မှတ်ပေးပြီး ဂုဏ်ပြုမှုလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

***Ref;Scores 90***

# အနောက်ဘက်ကနေ အရှေ့ဘက်ဆီရွေ့လာနေတဲ့ ကမ္ဘာ့နိုင်ငံရေးအင်အားချိန်ခွင်လျှာ

ကမ္ဘာ့နိုင်ငံရေးအင်အားချိန်ခွင်လျှာဟာ အနောက်ဘက်ကနေ အရှေ့ဘက်ကို တဖြည်းဖြည်းရွေ့လျားလာနေပြီဆိုတဲ့အချက်ကို ရုရှားသမ္မတ ဗလာဒီမာ ပူတင်ရဲ့ တရုတ်နိုင်ငံခရီးစဉ်က ထပ်မံပြသလိုက်ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း သမ္မတပူတင်ဟာ တရုတ်နိုင်ငံကိုသွားရောက်ပြီး တရုတ်သမ္မတရှီကျင့်ဖျင်နဲ့တွေ့ဆုံကာ တရုတ်-ရုရှားမဟာမိတ်ဆက်ဆံရေးကို ပိုမိုခိုင်မာစေဖို့ရည်ရွယ်တဲ့ စာရွက်စာတမ်းနဲ့ သဘောတူညီချက်ပေါင်း ၄၀ ခန့်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပူတင်ရဲ့ခရီးစဉ်ဟာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ တရုတ်နိုင်ငံကိုသွားရောက်ခဲ့တဲ့ခရီးစဉ်အပြီး မကြာခင်မှာပဲ ဖြစ်ခဲ့တာကြောင့် သာမန်တိုက်ဆိုင်မှုတစ်ခုအဖြစ် မမြင်နိုင်တော့ဘူးလို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်နေကြပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံရေးပုံစံဟာ မဟာမိတ်အုပ်စုတွေထက် တရုတ်၊ အမေရိကန်နဲ့ ရုရှားတို့ပါဝင်နေတဲ့ သုံးမြှောင့်ဆက်ဆံရေးပုံစံအပေါ် ပိုမိုမူတည်လာနေပြီး အဲဒီသုံးနိုင်ငံကြားမှာ တရုတ်နိုင်ငံက အလယ်ဗဟိုကို တဖြည်းဖြည်းရယူလာနေတယ်ဆိုတာ အမေရိကန်နဲ့ ရုရှားသမ္မတတို့ရဲ့ အချိန်ကိုက်ခရီးစဉ်တွေက ဖော်ပြနေပါတယ်။ နိုင်ငံရေးမှာ အချိန်ကိုက်လှုပ်ရှားမှုဟာ သတင်းစကားတစ်ခုလိုမျိုးပဲ အရေးကြီးလှပါတယ်။ ရှီကျင့်ဖျင်က ထရမ့်ကိုလက်ခံတွေ့ဆုံပြီး မကြာခင်ပဲ ပူတင်ကိုလည်း ထပ်မံကြိုဆိုလိုက်တာဟာ တရုတ်က နိုင်ငံတကာဆက်ဆံရေးကို ကိုယ့်စည်းကမ်းနဲ့ကိုယ် စီမံသွားမယ်ဆိုတဲ့ သတင်းစကားတစ်ခုကိုပေးလိုက်တာလို့ ယူဆနိုင်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအနေနဲ့ အမေရိကန်-ရုရှားပြိုင်ဆိုင်မှုနဲ့ အမေရိကန်-တရုတ်ပြိုင်ဆိုင်မှုကို သီးခြားအဖြစ်အပျက်နှစ်ခုလို မမြင်ဘဲ အားလုံးကိုဆက်စပ်နေတဲ့ ကမ္ဘာ့အင်အားပြိုင်ပွဲတစ်ခုအဖြစ် မြင်နေတယ်ဆိုတာ ပိုမိုထင်ရှားလာပါတယ်။

တရုတ်နိုင်ငံအတွက်လည်း ဒီခရီးစဉ်တွေက မဟာဗျူဟာမြောက်အခွင့်အရေးတစ်ခုဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်နိုင်ငံက သူ့ကိုယ်သူ ယူရေးရှားဒေသနိုင်ငံရေးမှာ မဖြစ်မနေလိုအပ်နေတဲ့ တည်ငြိမ်မှုရှိသော အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပြသနိုင်ခဲ့လို့ပါ။ တရုတ်ဟာ အမေရိကန်နဲ့ ရုရှား နှစ်ဖက်စလုံးနဲ့ ဆက်ဆံရေးကိုထိန်းထားနိုင်သလို ဘယ်ဘက်ရဲ့ဩဇာအောက်ကိုမှမဝင်ဘဲ ကိုယ့်အကျိုးစီးပွားကိုယ် ထိန်းထားနိုင်တဲ့နိုင်ငံအဖြစ် ပုံဖော်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ အတွေးအခေါ်ပိုင်းမဟာမိတ်ဖွဲ့တာထက် လိုက်လျောညီထွေရှိမှုကိုပိုနှစ်သက်ပါတယ်။ လက်တွေ့မှာတော့ ဒါဟာ အမေရိကန်နဲ့ ကုန်သွယ်ရေး၊ နည်းပညာနဲ့ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုတွေမှာ ဆက်သွယ်မှုတွေကို ဖွင့်ထားသလို ရုရှားနဲ့လည်း စွမ်းအင်၊ သံတမန်ရေးနဲ့ ပထဝီနိုင်ငံရေးညှိနှိုင်းမှုတွေမှာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကိုဆက်လက်ထိန်းသိမ်းထားတာကို ဆိုလိုပါတယ်။

ဒီအချက်တွေက တရုတ်နိုင်ငံအနေနဲ့ ကမ္ဘာကြီးကို မတူညီတဲ့နိုင်ငံရေးစနစ်တွေကြား ဖြစ်ပွားလျက်ရှိတဲ့ တိုက်ပွဲတစ်ခုလို့မမြင်ဘဲ အင်အားကြီးနိုင်ငံတွေ အပြိုင်အဆိုင်ညှိနှိုင်းပြီး ကိုယ့်အကျိုးစီးပွားကို ပြန်လည်တွက်ချက်နေတဲ့ ပတ်ဝန်းကျင်တစ်ခုအဖြစ်မြင်နေတယ်ဆိုတာ ဖော်ပြနေပါတယ်။ အမေရိကန်အမြင်ကတော့ တရုတ်-ရုရှားဆက်ဆံရေးဟာ အရေးကြီးဆုံးမဟာဗျူဟာစိန်ခေါ်မှုတွေထဲက တစ်ခုအဖြစ် ဆက်ရှိနေပါတယ်။ အမေရိကန်မူဝါဒချမှတ်သူတွေဟာ နှစ်ပေါင်းများစွာကြာ တရုတ်နဲ့ ရုရှား ပိုမိုနီးကပ်လာတာကို တားဆီးဖို့ ကြိုးစားခဲ့ကြပေမယ့် ယခုခရီးစဉ်တွေကတော့ အဲဒီကြိုးပမ်းမှုတွေဟာ မျှော်လင့်ထားသလိုမျိုး မအောင်မြင်ခဲ့ဘူးဆိုတာ ပြသနေပါတယ်။

တစ်ဖက်မှာ ထရမ့်ရဲ့ တရုတ်ခရီးစဉ်ကိုကြည့်ရင်လည်း အမေရိကန်ဟာ တရုတ်နဲ့ တိုက်ရိုက်ဆက်ဆံရေးကို အရေးပါနေဆဲအဖြစ်လက်ခံထားတယ်ဆိုတာပြသနေပါတယ်။ ဒီအခြေအနေကို နိုင်ငံရေးအရ ဘယ်လိုပင်အဓိပ္ပာယ်ဖော်ဖော် အမေရိကန်အနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကို လုံးဝဖြတ်တောက်ဖို့ မစဉ်းစားသေးဘူးဆိုတာထင်ရှားပါတယ်။ ရုရှားအတွက်တော့ ဒီခရီးစဉ်ဟာ တခြားအဓိပ္ပာယ်တစ်ခုရှိပါတယ်။ ပူတင်ဟာ အင်အားပြည့်ဝတဲ့အခြေအနေကနေ တရုတ်ကိုသွားတာမဟုတ်ဘဲ မဖြစ်မနေလိုအပ်မှုကြောင့် သွားရတာဖြစ်တယ်လို့ လေ့လာသူတွေက ဆိုပါတယ်။ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှုတွေ၊ နိုင်ငံရေးအထီးကျန်မှုနဲ့ ယူကရိန်းပဋိပက္ခရဲ့ ကုန်ကျစရိတ်တွေကြောင့် ရုရှားရဲ့ ရွေးချယ်စရာတွေ ကျဉ်းမြောင်းလာခဲ့ပြီး တရုတ်ဟာ ရုရှားနိုင်ငံကလက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ မိတ်ဖက်နိုင်ငံဖြစ်လာနေပါတယ်။

ဒါပေမဲ့ ရုရှားနိုင်ငံသည်လည်း တရုတ်အတွက် အရေးပါတဲ့နိုင်ငံတစ်ခုပါပဲ။ ပထဝီဝင်အနေအထားအရ အိမ်နီးချင်းနိုင်ငံကြီးဖြစ်သလို တရုတ်နိုင်ငံက လိုအပ်နေတဲ့စွမ်းအင်တွေကို ထောက်ပံ့ပေးသူလည်းဖြစ်ပါတယ်။ ဒ့ါအပြင် အနောက်နိုင်ငံတွေကိုတန်ပြန်ထိန်းညှိပေးနိုင်တဲ့ မဟာဗျူဟာမြောက်မိတ်ဖက်တစ်ခုလည်း ဖြစ်နေပါတယ်။ ဒီအချက်တွေကြောင့် တရုတ်-ရုရှားဆက်ဆံရေးဟာ တည်ငြိမ်ပြီး ရေရှည်ခံနိုင်ရည်ရှိတဲ့ ပုံစံတစ်ခုဖြစ်လာနေပါတယ်။ နှစ်နိုင်ငံစလုံးက တစ်ဖက်ဆီက ဘာလိုအပ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိထားကြတာကြောင့်ပါ။ ဒါပေမဲ့ ပိုပြီးအရေးကြီးတာက တရုတ်၊ အမေရိကန်နဲ့ ရုရှားတို့ရဲ့ သုံးမြှောင့်ဆက်ဆံရေးပုံစံပါပဲ။ ဒီနိုင်ငံသုံးနိုင်ငံဟာ တစ်နိုင်ငံရဲ့လုပ်ဆောင်ချက်က ကျန်နှစ်နိုင်ငံအပေါ် သက်ရောက်မှုရှိနေတဲ့ အခြေအနေထဲမှာရောက်ရှိနေပါတယ်။ ဆက်ဆံရေးတွေ တိုက်ရိုက်မဆက်စပ်သေးရင်တောင် တစ်နိုင်ငံရဲ့လှုပ်ရှားမှုက တခြားနှစ်နိုင်ငံအပေါ်ကို အကျိုးသက်ရောက်စေပါတယ်။

ဒါကြောင့် ရုရှားသမ္မတရဲ့ တရုတ်နိုင်ငံခရီးစဉ်ဟာ ဓာတ်ပုံရိုက်ပွဲအဆင့်သာမဟုတ်ဘဲ တရုတ်နိုင်ငံက ပြိုင်ဆိုင်နေတဲ့ မဟာဗျူဟာမြောက်အခြေအနေတွေကို တစ်ချိန်တည်းမှာပဲကိုင်တွယ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသလိုက်တာလည်း ဖြစ်ပါတယ်။ ဒီလို နှစ်ဖက်လှည့် သံတမန်ရေးဟာ တရုတ်နိုင်ငံရဲ့အင်အားကို ဖော်ပြနေတာလည်းဖြစ်ပါတယ်။ တရုတ်အနေနဲ့ ကမ္ဘာ့ဩဇာလွှမ်းမိုးမှုကို ဆုံးဖြတ်မယ့်အရာဟာ အသံကျယ်ကျယ်နဲ့ပြောတဲ့ ကြေညာချက်တွေမဟုတ်ဘူးဆိုတာ နားလည်ထားပါတယ်။ နိုင်ငံအများအပြားအတွက် အချိန်ကြာကြာမဖြစ်မနေလိုအပ်တဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်သူကသာ အနိုင်ရမယ်ဆိုတာကို တရုတ်က သဘောပေါက်ထားတာဖြစ်ပါတယ်။

အခုအခြေအနေက အရေးကြီးတဲ့ သတင်းစကားတွေကိုလည်း ပေးနေပါတယ်။ အထူးသဖြင့် တရုတ်နဲ့ ရုရှားကို ဖိအားပေးမှုနဲ့သာ ခွဲထုတ်နိုင်လိမ့်မယ်ဆိုတဲ့ အယူအဆဟာ လက်တွေ့မကျတော့ဘူးဆိုတာ ပိုပြီးထင်ရှားလာပါတယ်။ ဒီအခြေအနေမှာ အမေရိကန်နိုင်ငံအနေနဲ့ တချို့ကိစ္စတွေမှာ တရုတ်နိုင်ငံအပေါ် ဩဇာသက်ရောက်နိုင်သေးပေမယ့် ပိုကြီးမားတဲ့ မဟာဗျူဟာမြောက်ပြောင်းလဲမှုကို ဖြစ်စေမယ်လို့ ယုံကြည်လို့ မရတော့ပါဘူး။ ယနေ့ကမ္ဘာကြီးဟာ တဖြည်းဖြည်း ပိုမိုပြောင်းလဲလွယ်တဲ့ နိုင်ငံရေးစနစ်တစ်ခုဆီကိုရွေ့လျားလာနေပါတယ်။ နိုင်ငံတွေဟာ တစ်ဖက်တည်းကို အပြီးအပိုင်ရွေးချယ်တာထက် ရွေးချယ်စရာအများအပြားကို ထိန်းထားချင်လာကြပါတယ်။ ဒါဟာ ပူးပေါင်းဆောင်ရွက်မှုက ပြိုင်ဆိုင်မှုနေရာကို အစားထိုးသွားမယ်လို့ မဆိုလိုပါဘူး။ ပြိုင်ဆိုင်မှုကိုယ်တိုင်က ပိုမိုရှုပ်ထွေးလာနေတယ်ဆိုတာကို ဆိုလိုတာပါ။

တရုတ်နိုင်ငံအတွက်တော့ ဒီအခြေအနေက သူ့ရဲ့ အဓိကအားသာချက်တစ်ခုဖြစ်တဲ့ "မဟာဗျူဟာမြောက်ရွေးချယ်စရာများစွာရှိမှု" ကို ပိုမိုခိုင်မာစေပါတယ်။ တရုတ်ဟာ ရုရှားနဲ့ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင်လုပ်နိုင်သလို အမေရိကန်နဲ့လည်း ဆက်ဆံရေးမပြတ်ဘဲ ထိန်းထားနိုင်ပါတယ်။ ထရမ့်နဲ့ နိုင်ငံရေးအရဆက်ဆံနိုင်သလို ပူတင်နဲ့လည်း ဆက်လက်ပူးပေါင်းနိုင်ပါတယ်။ အရေးကြီးဆုံးကတော့ တရုတ်နိုင်ငံဟာ နိုင်ငံတစ်ခုခုရဲ့ သူ့ဘက်ကိုယ့်ဘက်ဆိုတဲ့နှစ်ဖက်ခွဲအတွေးအခေါ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် မပိတ်မိအောင် ထိန်းထားနိုင်တဲ့ တစ်ခုတည်းသော အင်အားကြီးနိုင်ငံအဖြစ် ကိုယ့်ကိုယ်ကိုယ်ပုံဖော်နေပါတယ်။

ပူတင်ရဲ့ တရုတ်ခရီးစဉ်က ပေးတဲ့ ပိုနက်ရှိုင်းတဲ့ သတင်းစကားကတော့ ယနေ့ကမ္ဘာ့အင်အားကြီးနိုင်ငံရေးဟာ မူဝါဒတစ်ခုတည်းအကြောင်းမဟုတ်တော့ဘဲ နေရာယူနိုင်မှုအကြောင်း ပိုဖြစ်လာတယ်ဆိုတာပါပဲ။ အရင်ခေတ်တွေမှာ စစ်မဟာမိတ်တွေ၊ သစ္စာခံကြေညာချက်တွေကို အင်အားအဖြစ်တိုင်းတာခဲ့ကြပေမယ့် ယနေ့ခေတ်မှာတော့ ပြိုင်ဆိုင်နေတဲ့ အကျိုးစီးပွားတွေကိုချိန်ညှိနိုင်ပြီး ကိုယ့်မဟာဗျူဟာအတိုင်းထိန်းချုပ်မှုကိုမပျောက်စေဘဲ ဆက်လက်ထိန်းထားနိုင်သူကသာ အင်အားကြီးနိုင်ငံအဖြစ် သတ်မှတ်ခံလာနေရပါတယ်။

ဒါကြောင့်ပြောရမယ်ဆိုရင် ထရမ့်နဲ့ပူတင်နှစ်ဦးစလုံးကို အချိန်တိုအတွင်း လက်ခံတွေ့ဆုံနိုင်ခြင်းအားဖြင့် တရုတ်နိုင်ငံက ယဉ်ကျေးမှုအရ ကြိုဆိုတာထက်ပိုတဲ့အရာတစ်ခုကို ပြသခဲ့ပါတယ်။ အမေရိကန်နဲ့ ဆက်ဆံနိုင်ပေမယ့် အမေရိကန်ရဲ့ ဖိအားအောက်ကို မဝင်ဘူး။ ရုရှားနဲ့ပူးပေါင်းနိုင်ပေမယ့် ရုရှားရဲ့အကျိုးစီးပွားထဲမှာ ပိတ်မိမသွားဘူးဆိုတဲ့ ယုံကြည်မှုကိုပြသခဲ့တာပါ။ ဒီလိုအခြေအနေတွေကြောင့်ပဲ ယနေ့ကမ္ဘာ့နိုင်ငံရေးရဲ့ အလေးချိန်ဗဟိုချက်ဟာ ကမ္ဘာ့အရှေ့ခြမ်းဆီသို့ တဖြည်းဖြည်းရွေ့လျားလာနေပြီဆိုတဲ့အချက်ကို ပိုမိုရှင်းလင်းစွာ မြင်တွေ့လာရပါတယ်။ ရှီကျင့်ဖျင်က ထရမ့်နဲ့ ပူတင်ကို လက်ခံတွေ့ဆုံခဲ့တာထက် ပိုအရေးကြီးတာက တရုတ်နိုင်ငံဟာ ဒီခရီးစဉ်နှစ်ခုလုံးကို တစ်ခုတည်းသော သံတမန်ရေးပြဇာတ်ကြီးရဲ့ အစိတ်အပိုင်းအဖြစ်အသုံးချနိုင်ခဲ့တာကြောင့် အခုဆိုရင် ကမ္ဘာ့နိုင်ငံရေးအင်အားချိန်ခွင်လျှာက အနောက်ဘက်ဆီမှ အရှေ့ဘက်ဆီသို့ရွေ့လျားလာနေပြီဆိုတာကို ကောင်းစွာပြသနေပြီပဲဖြစ်ပါတယ်။

Ref: SCMP

ထက်မြတ်



# ယူကရိန်းကိုထောက်ပံ့မည့် အစီအစဉ်ကို NATO အဖွဲ့ဝင်နိုင်ငံကြီးငါးနိုင်ငံက ငြင်းဆို

**ဘရပ်ဆဲ၊ စစ်ရေး**

NATO တပ်ဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံ၏ဂျီဒီပီ သုည ဒသမ ၂၅ ရာခိုင်နှုန်းကို ယူကရိန်းအား စစ်ရေးအကူအညီအဖြစ် ထောက်ပံ့ပေးရန်အဆိုကို NATO တပ်ဖွဲ့ဝင် အင်အားကြီးငါးနိုင်ငံကငြင်းဆိုပယ်ချလိုက်ကြောင်းသိရသည်။

ထိုငါးနိုင်ငံမှာ ဗြိတိန်၊ ပြင်သစ်၊ စပိန်၊ အီတလီနှင့်ကနေဒါတို့ဖြစ်ပြီး ၎င်းတို့အနေဖြင့် အဆိုပါအစီအစဉ်ကို သဘောကျနှစ်သက်မှုမရှိကြောင်း NATO တပ်ဖွဲ့မှသတင်းအရင်းအမြစ်တစ်ဦးကပြောသည်။ အဖွဲ့ဝင် ၃၂ နိုင်ငံရှိသော NATO တပ်ဖွဲ့အတွင်း ခုနစ်နိုင်ငံကသာ ယူကရိန်းသို့အကူအညီများပေးရန်သဘောတူထားသည်။

NATO တပ်ဖွဲ့က ယခုကဲ့သို့လုပ်ဆောင်ခြင်းသည် ယူကရိန်းနိုင်ငံအားကူညီမှုများ ဆက်လက်ပေးအပ်သွားမည်ဟူသော ကတိကဝတ်ကြောင့်ဖြစ်ကြောင်းသတင်းအရင်းအမြစ်များကပြောသည်။ ယူကရိန်းနိုင်ငံကို ထောက်ပံ့မှုများပေးနေခြင်းကို ရုရှားနိုင်ငံကကန့်ကွက်ကြောင်း၊ ယင်းသို့ထောက်ပံ့မှုများသည် ရုရှား၏ရည်မှန်းချက်များကို ယိမ်းယိုင်သွားစေမည်မဟုတ်ကြောင်းနှင့် ပဋိပက္ခကိုသာ ပိုမိုရှည်ကြာစေမည်ဖြစ်ကြောင်း ရုရှားကသတိပေးထားသည်။

**Ref: ST**

# အီရန်နှင့်အမေရိကန်တို့ကြား စေ့စပ်ညှိနှိုင်းပေးမှုအတွက် ပါကစ္စတန်ကိုကျေးဇူးတင်ဟု ရှီကျင့်ဖျင်ပြော



**ပေကျင်း၊ နိုင်ငံရေး**

အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးရရှိစေရန် တက်ကြွစွာစေ့စပ်ညှိနှိုင်းပေးနေသည့်အတွက် ပါကစ္စတန်နိုင်ငံကိုကျေးဇူးတင်ကြောင်း တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က မေလ ၂၅ ရက်တွင် ပြောသည်။ ရှီကျင့်ဖျင်သည် နိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် ရှီဘက်ရှာရစ်နှင့်တွေ့ဆုံစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံကြား သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် ပါကစ္စတန်ဝန်ကြီးချုပ်က တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် နှစ်နိုင်ငံစလုံးအနေဖြင့် အရှေ့အလယ်ပိုင်းဒေသအတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အားပေးမြှင့်တင်နိုင်ရေးအတွက် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်မှုတို့လုပ်ဆောင်သွားမည်ဟု ကတိပြုထားကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနကဖော်ပြထားသည်။

အလားတူ ပါကစ္စတန်နိုင်ငံ၏စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးမှုများအတွက် တရုတ်နိုင်ငံကိုကျေးဇူးတင်ကြောင်း၊ သမ္မတရှီကျင့်ဖျင်၏အချက် ၄ ချက်ပါအရှေ့အလယ်ပိုင်းအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် လမ်းပြမှုဘောင်တစ်ခုဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ကပြောသည်။ ထိုအစီအစဉ်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အပြည်ပြည်ဆိုင်ရာတရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ဖြစ်သည်။ **Ref: SCMP**

# အီရန်က နျူကလီးယားလက်နက် ရရှိမည့်စာချုပ်ကို ထရမ့်လက်မှတ်မထိုး

**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံနှင့်ရရှိမည့် သဘောတူညီချက်သည် အလွန်တရာကောင်းမွန်သည့် အပြင်အမိုက်စားပြည့်ဝသော စာချုပ်တစ်ခုဖြစ်လာနိုင်ကြောင်း၊ ထို့ပြင်သဘောတူညီချက်မရသည်လည်းဖြစ်နိုင်ကြောင်း၊ သို့ရာတွင် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်ရသွားမည့် သဘောတူညီချက်ကို မည်သည့်အခါမျှလက်မှတ်ထိုးသွားမည်မဟုတ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မေလ ၂၅ ရက်တွင်ပြောသည်။

အလားတူ စစ်ပွဲပြီးဆုံးစေရေးအတွက် အထောက်အကူပြုနိုင်သော နားလည်မှုစာချွန်လွှာပါ စာပိုဒ်အချို့ကိုလည်း အမေရိကန်ဘက်က လက်မခံဘဲပယ်ချလိုက်ရကြောင်း အီရန်နိုင်ငံရှိ Tasnim သတင်းဌာနကဖော်ပြထားသည်။ အမေရိကန်က လက်မခံသည့်အချက်များတွင် အီရန်၏ ပြည်ပရှိထိန်းသိမ်းခံထားရသော ပိုင်ဆိုင်မှုများကို ပြန်လည်လွှဲပြောင်းပေးရမည်ဟူသည့်အချက်ပါဝင်နေကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

**Ref: Xinhua**

# ပါကစ္စတန်၌ ရပ်ထားသည့်ဘတ်စကားကို ကုန်တင်ယာဉ်ကဝင်တိုက် လူ ၁၇ ဦးသေဆုံး

**ပက်ရှဝါ၊ မတော်တဆမှု**

ပါကစ္စတန်နိုင်ငံ၌ မေလ ၂၅ ရက်တွင် လမ်းဘေး၌ရပ်ထားသည့်ဘတ်စကားကို ကုန်တင်ယာဉ်တစ်စီးကဝင်တိုက်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၇ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ဆွက်မြို့မှ ပက်ရှဝါမြို့သို့ မောင်းနှင်လာသည့်ခရီးသည်တင်ဘတ်စကားသည် စက်ပျက်သွားသည့်အတွက် လမ်းဘေး၌ရပ်ပြီး ခရီးသည်များက ကားပေါ်ကဆင်းကာ အနီး၌နေကြစဉ် ဘရိတ်မမိတော့သောကုန်တင်ယာဉ်တစ်စီးက အဆိုပါဘတ်စကားကိုဝင်တိုက်မိခြင်းဖြစ်သည်။

ခရီးသည်များမှာ မူဆလင်ဘာသာရေးပွဲတော်မတိုင်မီ နေရပ်သို့ပြန်ကြသူများဖြစ်ကြောင်းနှင့် ပါကစ္စတန်နိုင်ငံ၌ အလားတူယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

**Ref: ST**

# လာအိုရှိ လိုဏ်ဂူအတွင်းပိတ်မိနေသူများကို ကယ်ဆယ်ရေးတွင် ထိုင်းနိုင်ငံပါဝင်ကူညီ



**ဗီယန်ကျင်း၊ ကယ်ဆယ်ရေး**

လာအိုနိုင်ငံ၌ ရွှေတူးဖော်ရေးလုပ်နေသည့် ရွာသားခုနစ်ဦးသည် မိုးသည်းထန်စွာရွာသွန်းစဉ် လိုဏ်ဂူတစ်ခုထဲတွင်ပိတ်မိနေကြောင်းနှင့် ယခုအခါ အဆိုပါလိုဏ်ဂူအတွင်းပိတ်မိနေသူများကိုကယ်ဆယ်ရေးတွင် ထိုင်းနိုင်ငံမှကျွမ်းကျင်ရေငုပ်သမားများက ပါဝင်ကူညီပေးနေကြောင်း တာဝန်ရှိသူများက မေလ ၂၅ ရက်တွင်ပြောသည်။

အဆိုပါရွှေတူးဖော်သူများသည် ပြီးခဲ့သည့်မေလ ၁၉ ရက်ကတည်းက လိုဏ်ဂူအတွင်းပိတ်မိနေခြင်းဖြစ်ပြီး ၎င်းတို့နှင့်အတူလိုက်ပါသွားသည့် အခြားရွှေတူးသူသုံးဦးမှာသေဆုံးသွားပြီဖြစ်သည်။ ရွှေတူးသူများဝင်သွားသည့်လိုဏ်ဂူသည် ကျဉ်းမြောင်းသည့်အပြင် အသက်ရှူနိုင်သည့်နေရာသည်လည်းအမြင့် ၂၃ လက်မခန့်သာရှိရာကယ်ဆယ်ရေးအဖွဲ့များက ရွှေတူးသူများကိုကယ်ထုတ်နိုင်ရန် ခဲရာခဲဆစ်ဖြင့် ကြိုးပမ်းနေရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ကူညီပေးနေသူများမှာ ထိုင်းနိုင်ငံ၌ ၂၀၁၈ ခုနှစ်ကဖြစ်ပွားပြီး ကမ္ဘာကျော်သွားသည့် တောဝက်ဘောလုံးအသင်းက ထမ်လောင်လိုဏ်ဂူအတွင်းပိတ်မိနေသည့်ဖြစ်စဉ်တွင် ကယ်ဆယ်ရေးလုပ်ပေးသူများဖြစ်သည်။ ထိုင်းကယ်ဆယ်ရေးသမားများအနေဖြင့် ကူညီပေးရန် လာအိုအစိုးရက တရားဝင်အကူအညီတောင်းခံလာခြင်းဖြစ်ကြောင်း သိရသည်။

**Ref: SCMP**

# အီဘိုလာကပ်ရောဂါကို ထိန်းချုပ်နိုင်ခြင်း မရှိသေးဟု WHO ပြော

**ဂျနီဗာ၊ ကျန်းမာရေး**

လက်ရှိဖြစ်ပွားလျက်ရှိသော အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုအတွင်း သေဆုံးဖွယ်ရှိသူအရေအတွက် ၂၂၀ ရှိလာကြောင်း၊ ရောဂါကူးစက်မှုများကို ရှာဖွေရာတွင်မြန်ဆန်မှုမရှိခြင်းကြောင့် အဆိုပါကပ်ရောဂါကိုထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ညွှန်ကြားရေးမှူးချုပ်က မေလ ၂၅ ရက်တွင်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပေမယ့်လည်း အခုအချိန်ထိတော့ အဲဒီကပ်ရောဂါကို ထိန်းချုပ်နိုင်ခြင်းမရှိသေးပါဘူး"ဟု ညွှန်ကြားရေးမှူးချုပ်ကပြောသည်။ ထို့ပြင် ကွန်ဂိုနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေလျက်ရှိသည့်အခြားနိုင်ငံများအနေဖြင့် အရေးပေါ်ဆောင်ရွက်ချက်များ ချက်ချင်းလုပ်ဆောင်ရန် ညွှန်ကြားရေးမှူးချုပ်ကတိုက်တွန်းထားသည်။

ကွန်ဂိုနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော ယူဂန်ဒါနိုင်ငံ၌ မေလ ၂၅ ရက်နံနက်ပိုင်းအထိ အီဘိုလာရောဂါဖြစ်ပွားသူ ခုနစ်ဦးအထိရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။ ယခုကူးစက်ပျံ့နှံ့နေသော အီဘိုလာရောဂါသည် Bundibugyo မျိုးကွဲဖြစ်ပြီး နိုင်ငံတကာအနေဖြင့်စိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် WHO ကကြေညာထားသည်။

**Ref: ST**



# တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရည်အသွေးမြှင့်တင်ရေးအစီအစဉ်(၃) (Yangon Region Hluttaw Capacity Building Programme -3 ) စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် Media Corner ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်မာချို၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဦးဆောင်ဆွေးနွေးမည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့မှ စာရင်းအင်းပညာရှင်များနှင့် ဌာနအကြီးအမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက သင်တန်းဆိုင်ရာ လမ်းညွှန်ချက်များ ပြောကြားသည်။

ငွေကြေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးခြင်း၊ စာရင်းစစ်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းနှင့် စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်အလုပ်ရုံဆွေးနွေးပွဲကို မေလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၉ ရက် သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းခန့်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၅-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၆-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့်ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ခုနစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး စုစုပေါင်း ၁၀ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၉၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀၈၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# လှိုင်လင်မြို့နယ်တွင် ငွေကျပ် ၈၆၆၈ ဒသမ ၆၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံ ဟန်ထူးအောင်နှင့် မျိုးသူကိုတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။




တရားခံ သန်းဇော်ထွန်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် မေ ၂၅

လှိုင်လင်မြို့နယ်တွင် ငွေကျပ် ၈၆၆၈ ဒသမ ၆၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည်မေလ ၂၁ ရက်မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ လှိုင်လင်မြို့နယ်၊ ပင်လုံမြို့အနီး ပင်လုံ- ကျောက်တန်း- တောင်ကြီးသွားကားလမ်းတွင် မြဝတီမြို့နယ်၊ကျောက်ခက်ကျေးရွာနေ ဟန်ထူးအောင်(၄၈)နှစ် မောင်းနှင်ပြီး သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်နေ မျိုးသူကို(၂၄)နှစ် လိုက်ပါလာသော TOYOTA FORTUNER အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး HAPPY WATER ၅ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၅၀၀၀) ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှဘိန်းဖြူဘလောက်တုံး ၂၇၂ တုံး၊ အလေးချိန် ၉၅ ဒသမ ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၅၆၈ သိန်း)၊ စိတ်ပြောင်းဆေးဝါး HAPPY WATER ၁ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀ )နှင့် မြန်မာငွေကျပ် ၁၅ သိန်းတို့ကိုဖမ်းဆီးရမိသဖြင့် ဟန်ထူးအောင်နှင့် မျိုးသူကိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မေလ ၂၃ ရက် ညနေ ၃ နာရီတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် ဝမ်းတွင်းမြို့နယ်၊ ကံစွယ်ကျေးရွာနေ သန်းဇော်ထွန်း(၃၀)နှစ်မောင်းနှင်လာသော FOTON OLLIN အမျိုးအစား ၆ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် သန်းဇော်ထွန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များစုဖွဲ့ထားရှိမှုနှင့် ငလျင်ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၅

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှုနှင့် ငလျင်ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ မနောကွင်းအတွင်း၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ စက်ပစ္စည်းများနှင့်ယာဉ်ယန္တရားများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ ယင်းနောက် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ငလျင်များနှင့်နေထိုင်ခြင်း အသိပညာပေးစာအုပ်နှင့် သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ ငလျင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)


# အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန ခရမ့်ရော်ဘာစက်ရုံ(သံဖြူဇရပ်)အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ကြည့်ရှုစစ်ဆေး



သံဖြူဇရပ် မေ ၂၅

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့နယ် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာန ခရမ့်ရော်ဘာစက်ရုံ(သံဖြူဇရပ်)သို့ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရမ့်ရော်ဘာစက်ရုံလည်ပတ်မှုအတွက် လျှပ်စစ်မီးရရှိမှု၊ သုံးစွဲမှုအခြေအနေနှင့် မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှု အများဆုံးဒေသတစ်ခုဖြစ်ပြီး စိုက်ဧကပေါင်း ငါးသိန်းကျော်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ပြည်တွင်း၊ ပြည်ပမှရော်ဘာအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားပြီး ခရမ့်ရော်ဘာစက်ရုံလည်ပတ်မှုနှင့် ပြည်ပတင်ပို့ကုန် ရော်ဘာထုတ်လုပ်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ပြည်မြို့နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး



ပြည် မေ ၂၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၃၀၀ ဟင်းသီးဟင်းရွက်အထူးဇုန် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး စားဖိုဆောင်သီးနှံမျိုးစုံစိုက်ခင်းအား ရာသီအလိုက် စဉ်ဆက်မပြတ်စိုက်ပျိုးသွားနိုင်ရေး မှာကြားပြီး စားဖိုဆောင်သီးနှံမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ပေါင်းတလည်မြို့ မြောင်းဆုံကျေးရွာ၌ ပြည်မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ သဘာဝမြေဩဇာထုတ်လုပ်နေမှုအား ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ရောင်းချနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၁၀)

**၂၅-၅-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**










ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါမြေ+အဆောက်အဦ၊ အခန်း၊ မြေငှားရမ်းခြင်း(၃)ခုတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၃)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း ၁ လမ်း၊ အမှတ် ၅-စီ ရှိ မြေ(၀.၇၅၁)ဧကနှင့် ၎င်းမြေပေါ်ရှိ ၂ ထပ် အဆောက်အဦ (၉၃'x၇၂'x၂၅') ၁ လုံး၊

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၁၉ ရှိ မြေညီထပ်အခန်း(၁၁'x၂၂'x၁၅') ၁ ခန်း၊

Lot(3) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ ဦးပိုင် ၁၊ အမှတ် သ-၈(၆၀'x၄၀')မြေကွက် ၁ ကွက်။

(ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - (၂၆-၅-၂၀၂၆ မှ ၉-၆-၂၀၂၆ ထိ) (ရုံးချိန်အတွင်း)

(ဂ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၉-၆-၂၀၂၆ ရက်နေ့၊(၁၅:၀၀)နာရီ

(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

(င) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန် - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

(စ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှငှားရမ်းမည့် မြေ+အဆောက်အဦ၊ အခန်း၊ မြေများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၀၆၇-၃၄၀၈၄၁၀) သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## JADE ZION COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE ZION COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ဖြူဖြူဝင်း | ဦးစန်းတင် |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE ZION COMPANY LIMITED | JADE ZION COMPANY LIMITED |

## JADE ZILLION COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE ZILLION COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ဖြူဖြူဝင်း | ဦးစန်းတင် |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE ZILLION COMPANY LIMITED | JADE ZILLION COMPANY LIMITED |

### အမည်မှန်

ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၊ G-7 မှ အဘ ဦးဝင်းနိုင်၏သား မောင်ပြည့်စုံကျော်၏အမည်မှန်မှာ မောင်မင်းခန့်လင်း ဖြစ်ပါကြောင်း။

**မောင်မင်းခန့်လင်း**

### အမည်ပြောင်း

ပဲခူးမြို့၊ EJ ကိုယ်ပိုင်ကျောင်း၊ Grade-4 မှ အဘ ဦးအောင်ဗိုလ်ဟိန်း၏သမီး မစုလဲ့ရတီအား မရည်ရွှယ်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရည်ရွှယ်လင်း**

### ပျောက်ဆုံးကြောင်း

ဖြိုးဟိန်းထက်(ဘ)ဦးဝင်းမြင့် ၁၁/ကတလ(နိုင်)၀၀၈၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ရဲထွန်း(ဘ)ဦးကျော်အောင် ၁၁/သတန(နိုင်)၀၀၉၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၈၈၄၈၉၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အောက်ပါယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | ယာဉ်၊ စက်၊ ယန္တရားအမျိုးအစား | ဝယ်ယူမည့် အရေအတွက် | လျှောက်လွှာ(၁)စုံ ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| (က) | Light Truck | ၃ | ၁၀၀၀၀/- |
| (ခ) | Compactor 14 $m^3$ | ၂ | ၁၀၀၀၀/- |
| (ဂ) | EV အမှိုက်သိမ်းယာဉ် Compactor | ၂ | ၁၀၀၀၀/- |
| (ဃ) | Aerial & Scissor Lift | ၁ | ၁၀၀၀၀/- |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများရောင်းချခြင်း - (၈-၆-၂၀၂၆ မှ ၁၂-၆-၂၀၂၆ ထိ)

၃။ တင်ဒါအချက်အလက်များရှင်းလင်းခြင်း - (၁၅-၆-၂၀၂၆ မှ ၁၆-၆-၂၀၂၆ ထိ)

၄။ တင်ဒါအာမခံကြေးပေးသွင်းခြင်းနှင့် တင်ဒါပုံစံများ လက်ခံခြင်းနှင့် တင်ဒါပုံစံများစာရင်းပိတ်ခြင်း - (၁၆-၆-၂၀၂၆ မှ ၁၉-၆-၂၀၂၆ ထိ)

၅။ လျှောက်လွှာရောင်းချမည့်နေရာ - ၆၂ လမ်း(၁၀၆ x ၁၀၇)ကြား၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ်

၆။ အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက်/အချိန် - (၂၉-၆-၂၀၂၆)ရက်၊ နံနက်(၁၀:၀၀)နာရီ

၇။ အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - ၂၆ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အစည်းအဝေးခန်းမ(၁)

၈။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(ဖုန်း-၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၆၂၆၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၅၅/မမ/CME | လျှပ်စစ်ပစ္စည်း(၉)မျိုးဝယ်ယူရန် |
| ၂ | ၅၆/မမ/CME | လျှပ်စစ်ပစ္စည်း(၂၅)မျိုးဝယ်ယူရန် |
| ၃ | ၅၇/မမ/CME | လျှပ်စစ်ပစ္စည်း(၁၅)မျိုး ဝယ်ယူရန် |
| ၄ | ၅၈/မမ/CME | 1C x 150 $mm^2$ ALU; XLPE, ACSR/ AWOC Cable(၁)မျိုးဝယ်ယူရန် |
| ၅ | ၅၉/မမ/CME | 12 kV, 630A VCB (၂)မျိုးဝယ်ယူရန် |
| ၆ | ၆၀/မမ/CE | Sheet Pile (450 mm x 150 mm x 12 mm x 12 m)(210)Nos ဝယ်ယူရန် |
| ၇ | ၆၁/မမ/CE | M.S Plate 8' x 4' x 16 mmtk; (108)Shts နှင့် M.S Plate 8' x 4' 20 mmtk; (102)Shts ဝယ်ယူရန် |
| ၈ | ၆၂/မမ/S & T | ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ အဆင့်မြှင့်တင်ပြီးသောအချက်ပြစနစ် ကြွခိုင်ထိန်းသိမ်းရေးဆောင်ရွက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၉-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## JADE ZONE COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE ZONE COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၅-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ဖြူဖြူဝင်း | ဦးစန်းတင် |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE ZONE COMPANY LIMITED | JADE ZONE COMPANY LIMITED |

### ပျောက်ဆုံးကြောင်း

မန်တုံမြို့၊ မြို့မရပ်ကွက်နေ ထက်ထက်မော်(ဘ)ဦးထွန်းကျော် ၁၃/မတတ(နိုင်)၀၂၉၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 680263)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်နေ ဦးဟန်မြင့်-ဒေါ်ခင်ငွေးတို့၏ သမီးဖြစ်သူ မခင်စန္ဒာဝင်း ၁၂/ဒဂတ(နိုင်)၀၅၈၆၄၅ သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးဟန်မြင့်-ဒေါ်ခင်ငွေး**

**ပျောက်ဆုံးကြောင်း**

ကျင်အေး(ဘ)ဦးစိန်ထီ ၃/ဘအန(နိုင်)၀၂၇၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 107249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၆၆၀၇၁၆**

**ပျောက်ဆုံးကြောင်း**

ဆုမွန်ဦး(ဘ)ဦးဟန်တင်ဦး ၉/လဝန(နိုင်)၁၇၁၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၅၁၂၅၅**

# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

အသန့်လေးပေါ်၌ မသန့်သောစိတ်မရှိရိုးမှန်၏။ မသန့်သောစိတ်ကိုလည်း ထားလည်းမထားရက်နိုင်ပါလေ။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်မိနေဆဲ၌ အိမ်ရှေ့မှ ကျွန်ုပ်အမည်ကိုခေါ်ကာ ဝင်လာသူတစ်ဦး၏ အသံကိုကြားရသဖြင့် အတွေးပြတ်သွားကာ အိမ်မဘက်သို့ ထွက်ခဲ့ရ၏။ ဝင်လာသူမှာကား ကျွန်ုပ်နှင့်အတူ မြေတိုင်းအင်စပက်တော်၏ ရုံးတွင် အကူစာရေးလုပ်ဖက်ဖြစ်သော မိတ်ဆွေဖြစ်နေ၏။

ထိုမိတ်ဆွေက ကျွန်ုပ်ပြန်ရောက်ပြီကြား၍ မြေတိုင်းအင်စပက်တော်ကြီး အရေးတကြီးတွေ့လိုကြောင်းကို ပြောပါသည်။ ကျွန်ုပ်လည်း ညစာစားအပြီးတွင် အင်စပက်တော်ကြီး၏အိမ်သို့ ထွက်ခဲ့၏။ ရောက်သောအခါ သတင်းကောင်းကြားရပေသည်။ ထိုသတင်းမှာ ကျွန်ုပ်အား မြေတိုင်းကျောင်းတက်ရန် အင်စပက်တော်ကြီး စီစဉ်ထားသည်ဆိုသော သတင်းဖြစ်၏။ သို့ရာတွင် အင်စပက်တော်ကြီးက မြေတိုင်းဌာနၡ ကျွန်ုပ်အမှုထမ်းလိုစိတ်ရှိမှ အမှုထမ်းစေလိုကြောင်း၊ မြေတိုင်းဌာနကား ရာထူးအတက်နှေးကြောင်း၊ ထို့ကြောင့် တစ်ညစဉ်းစားပြီးမှ စိတ်ကို ပိုင်းဖြတ်စေလိုကြောင်း၊ မြေတိုင်းဘက်၌ အမှုထမ်းရန် စိတ်ပိုင်းဖြတ်ပါက ကျွန်ုပ်အားထောက်ခံစာရေး၍ ပေးရန်အသင့်ရှိကြောင်း ပြောပြ၏။ ကျွန်ုပ်လည်း ကျေးဇူးတင်ကြောင်းပြော၍ အိမ်သို့ပြန်ခဲ့လေသည်။

အကျိုးအကြောင်းကို ကျေးဇူးရှင် အထည်သည်လင်မယားတို့အား ပြောပြသည်၌ ကျေးဇူးရှင်တို့ကလည်း ကျွန်ုပ်၏သဘောအတိုင်းဆုံးဖြတ်ရန် အားပေးကြပေသည်။

ထိုညအိပ်ရာဝင်ချိန်၌ အသန့်လေးလာ၍ ပါးချိတ်ကို ဆေးလူးပေးရှာသေး၏။ ညနေပိုင်း ရေမိုးချိုးကာ နံ့သာလေးတထုံထုံနှင့် ကျွန်ုပ်အနီးသို့ ကပ်လျက် ဆေးလူးပေးရှာသည်ကို မျက်စိကိုစုံမှိတ်၍ ခံ၏။ သို့သော် နှာဝ၌ ပျံ့ပျံ့မြမြလေးသင်းသော သနပ်ခါးနံ့၊ ပေါင်ဒါနံ့လေးတို့ကိုမူကား မျက်စိမှိတ်ထားခြင်းအားဖြင့် မကာကွယ်နိုင်ပေ။

အသန့်လေးထွက်သွား၍ တစ်ယောက်တည်းကျန်ရစ်သောအခါတွင် ကျွန်ုပ်သည် ကျွန်ုပ်၏နောင်ရေးအတွက် ဆုံးဖြတ်ချက်ချရတော့မည်ဖြစ်သော မြေတိုင်းကျောင်းတက်သင့်၊ မတက်သင့်ကို အဘက်ဘက်မှ စဉ်းစားခြင်းဖြင့် အသန့်လေးအား မတွေးမိအောင် ကြိုးစားရပေသည်။

အဘိုးထံ ပြန်၍ချဉ်းကပ်ကာ အဘိုး၏အထောက်အကူဖြင့် ဘီအေအက်ဖ်အေတွေသင်နိုင်အောင် ကြိုးပမ်းချက်မှာ မျှော်တော့မိုး၊ ထိုးတော့မြေကြီးဟုဆိုဘိသကဲ့သို့ဖြစ်ခဲ့ရာ၌ ကျွန်ုပ်အဖို့တွင် လက်ရှိ ၇ တန်းပညာလေးနှင့် နောင်ရေးတွင် ကြီးပွားစေရန်လမ်းစတွေမှာ အတော်ကလေးထွင်နိုင်မှ လူတစ်လုံးသူတစ်လုံး ကြီးပွားနိုင်ဖို့ရှိသည်ကို တွေ့ရ၏။ ပုလိပ်ဘက်သို့ဝင်လျှင်လည်း ဆပ်အင်စပက်တော်ဘဝနှင့် ရိုးမြေကျခါနီးမှ ဌာနအုပ်ဖြစ်ဖို့ရှိ၏။ မြို့အုပ်ရုံး၌ အကူစာရေးလုပ်လျှင်လည်း ဘီလစ်ဘဝသာလျှင် အကြီးဆုံးမျှော်လင့်ချက်ရှိ၏။ စာရေးကြီးဘဝမှ သပြေသီးမြို့အုပ်ဖြစ်ရန် လမ်းရှိသော်လည်း အမြဲတမ်း ကိုယ့်အထက်အရာရှိကို ခယမ်းနေရသော အလုပ်ကိုလည်း မလုပ်ချင်။ လုပ်ပါလျှင်လည်း သပြေသီးဘဝသို့ရောက်အောင် မည်မျှကြာဦးမည်မသိ။ အုပ်ချုပ်ရေးဘက်က ပညာထူးချွန်အောင် ကြိုးစားသည်ထက် ဆွေကြီးမျိုးကြီးဂုဏ်ကို အမှီသဟဲပြုရာမှ ရာထူးတိုးတက်လွယ်သည့် ခေတ်ဖြစ်ပေရာ ကျွန်ုပ်

**"တစ်ဖန် အဘိုးထံ၌ မချဉ်းကပ်နိုင်သေးရုံမျှမက ပိုက်ဆံမာန လုံးဝဖုံးလျက် ကျွန်ုပ်အား ယူကျုံးမရအောင် နှိပ်စက်လိုက်သော သင်းတို့ ဆွေမျိုးတစ်ပြုံလုံးကို လက်စားချေလိုသည့် ဆုံးဖြတ်ချက်ကြီးကလည်း ရှိသေး၏။ ထိုဆုံးဖြတ်ချက်အတိုင်းအောင်မြင်ရန်မှာ ကျွန်ုပ်အား မည်သူကမျှ သက်ာမကင်းဖွယ်ရာအခြေအနေကို ပထမခြေကုပ်ရစေဖို့ အရေးကြီးလှ၏။ ကျွန်ုပ်တွင် လူတစ်လုံး သူတစ်လုံးအခြေခိုင်ကာမှ ထိုအခြေကို အားပြုကာ သင်းတို့တစ်ပြုံလုံးကို ပြောင်းဖူးစေ့ခြွေသလို တစ်ယောက်ပြီး တစ်ယောက်ခြွေခြင်းအားဖြင့် နောက်ဆုံး၌ အဘိုးစုဆောင်းခဲ့သော ပစ္စည်းထုထည်ကြီးကို ကျွန်ုပ်တစ်ယောက်တည်း ပိုင်ဆိုင်အောင် ကြံစည်ဖို့ရှိပေရာ ကျွန်ုပ်တွင် လူတစ်လုံး သူတစ်လုံး အမြန်ဆုံးဖြစ်မြောက်စေရန် အရေးတကြီးဖြစ်နေ၏. . ."**

မှာ မြေတိုင်းကျောင်းသုံးနှစ်တက်၍ ကျောင်းကအဆင်း လက်ထောက်အင်စပက်တော်လေးဘဝဖြင့်နေကာ အလွန်ဆုံးငါးနှစ်ကြာလျှင် အင်စပက်တော်အဖြစ်သို့ လုံးဝရောက်နိုင်သော အခွင့်အလမ်းကို မသေချာသော တခြားဘက်တို့ထက် ပို၍အားသန်မိ၏။ ကိုယ်လုပ်ကိုင်ခဲ့ဖူးသော ဌာနလည်းဖြစ်၏။ တစ်ဖန် ဆယ်တန်းပညာကို ရအောင် စက်သမားဘဝဖြင့် ကြိုးစားရမည်မှာကလည်း ပညာအဆင့်အတန်းမြင့်လာလေလေ အချိန်ပိုပိုမိုမို ပညာကို ဂရုစိုက်ဖို့လိုလေလေ၊ ဆရာကောင်းများကို မှီနိုင်ဖို့ လိုလေလေဖြစ်နေပေရာ ကျွန်ုပ်မှာ ၇ တန်းဖြေသလောက် လွယ်လွယ်နှင့်အောင်မည်မဟုတ်ကြောင်းကိုလည်း တွေးမိ၏။ ကြိုးစားက ဘုရားဖြစ်နိုင်၏ ဟူသောစကားလုံးကို လက်ကိုင်ထားသော်လည်း သုမေဓာဘဝကနေ၍ သဗ္ဗညုတဉာဏ်ကိုမရဘဲ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကျင့်ယူဖြည့်ဆည်းခဲ့ရသည့်အချက်ကလည်းရှိသည်ကို တွေးမိ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်မှာ ဆယ်နှစ်ခန့်ဖြင့် မြေတိုင်းအင်စပက်တော်ဖြစ်နိုင်သည့် သေချာသောလမ်းကိုသာ မှန်းရွယ်မိ၏။ မြို့အုပ်ဝန်ထောက်လုပ်လို၍ ဆယ်တန်းပညာကို မက်မောကာနေပါလျှင် ပညာသင်သည့် သုံးနှစ်အတွင်း၌ ဆယ်တန်းကိုသာအောင်၍ မြို့အုပ်စာမေးပွဲမဝင်ရမီ စာရေးဘဝနှင့် နေလေရဦးမည်ကိုလည်း မြင်မိ၏။

တစ်ဖန် အဘိုးထံ၌ မချဉ်းကပ်နိုင်သေးရုံမျှမက ပိုက်ဆံမာန လုံးဝဖုံးလျက် ကျွန်ုပ်အား ယူကျုံးမရအောင် နှိပ်စက်လိုက်သော သင်းတို့ ဆွေမျိုးတစ်ပြုံလုံးကို လက်စားချေလိုသည့် ဆုံးဖြတ်ချက်ကြီးကလည်း ရှိသေး၏။ ထိုဆုံးဖြတ်ချက်အတိုင်းအောင်မြင်ရန်မှာ ကျွန်ုပ်အား မည်သူကမျှ သက်ာမကင်းဖွယ်ရာအခြေအနေကို ပထမခြေကုပ်ရစေဖို့ အရေးကြီးလှ၏။ ကျွန်ုပ်တွင် လူတစ်လုံး သူတစ်လုံး အခြေခိုင်ကာမှ ထိုအခြေကို အားပြုကာ သင်းတို့တစ်ပြုံလုံးကို ပြောင်းဖူးစေ့ခြွေသလို တစ်ယောက်ပြီး တစ်ယောက်ခြွေခြင်းအားဖြင့် နောက်ဆုံး၌ အဘိုးစုဆောင်းခဲ့သော ပစ္စည်းထုထည်ကြီးကို ကျွန်ုပ်တစ်ယောက်တည်း ပိုင်ဆိုင်အောင် ကြံစည်ဖို့ရှိပေရာ ကျွန်ုပ်တွင် လူတစ်လုံး သူတစ်လုံး အမြန်ဆုံးဖြစ်မြောက်စေရန် အရေးတကြီးဖြစ်နေ၏။ မြစ်ကို အလျားလိုက်ကူးသောနည်းမျိုးဖြင့် ကျွန်ုပ်၏အခြေကိုတည်ရန် အချိန်မရလှပေ။

ထိုမှတစ်ပါး ကျွန်ုပ်သည် စက်သမားအဖြစ်၊ အကူစာရေးအဖြစ်ရသောငွေကြေးတို့မှာ အဝတ်နှင့်အစား လုံလောက်ရုံသာရှိ၏။ ပညာအဆင့်မြင့်မြင့်သင်ဖို့ ငွေအပိုအလျှံမပေါ်နိုင်။ ကျေးဇူးရှင် အထည်သည်လင်မယားတို့၏စေတနာကို မှီခို၍ စားသောက်နေခဲ့သည်မှာလည်း ကြာပေပြီ။ ဤခေတ်၌ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး၏ဒဏ်ကလည်း နိုင်ငံတိုင်းတွင် ထိခိုက်စပြုလာသဖြင့် အရောင်းအဝယ်များလည်း ပါးလျားစပြုလာ၏။

ထို့ကြောင့် ကျေးဇူးရှင်များပေါ်၌ တာဝန်ကြီးလေးနေမည်ကိုလည်း စိုး၏။ ထို့ပြင် အသန့်လေးမှာလည်း အသက်အရွယ်အတော်ပင်ရ၍ လာလေပြီဖြစ်ရာ အဝတ်အစားလေးများမှအစ ယခင်ကလို အထည်ဆိုင်က ပိုလျှံသည့်အစအနလေးများနှင့်သာ ကိစ္စမပြီးတော့ဘဲ သူလေး၏စရိတ်ကလည်း ကျေးဇူးရှင်များအပေါ်တွင် ထပ်ပိုး၍ တက်နေပေသေးသည်။

သို့ဖြစ်လေရာ အဘက်ဘက်မှ စဉ်းစားလိုက်တိုင်း ကျွန်ုပ်အဖို့တွင် ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားဖြစ်မှ ကိုယ့်ရည်ရွယ်ချက်ကို မြန်မြန်ဆောင်ကြဉ်းနိုင်မည်ဟု ယူဆလိုက်မိသည်ဖြစ်သောကြောင့် အမြန်ဆုံးထွက်ရပ်လမ်းဖြစ်သော မြေတိုင်းဌာနကိုပင် ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ မြေတိုင်းကျောင်းတက်လျှင်ကား အစိုးရက စရိတ်ခံပေရာ ကျွန်ုပ်အဖို့၌ ပညာရော အဝတ်နှင့်အစား ခြိုးခြိုးခြံခြံဆိုပါက ဖူလုံဖို့ သေချာနေပေသည်။

သို့နှင့် ကျွန်ုပ်သည် မြေတိုင်းအင်စပက်တော်ကြီးအား နောက်တစ်နေ့နံနက်တွင် မြေတိုင်းကျောင်းတက်ရန် ဆုံးဖြတ်ကြောင်းကို သွား၍ပြောလိုက်၏။ ထို့နောက် သုံးလခန့်ကြာသောအခါတွင် ရပ်ဝေး၌ရှိသော မြေတိုင်းကျောင်းသို့ ကျွန်တော်သွားရန် အသင့်ပြင်ဆင်ရသောနေ့သို့ ရောက်ခဲ့ပေတော့သည်။ ဤသုံးလအတွင်း၌ ကျွန်ုပ်မှာ စက်ချုပ်သမား အကူစာရေးအဖြစ်နှင့်နေခဲ့ရင်း ငွေကလေးကြေးကလေး စုပါသေး၏။ သို့သော် စားရရုံထက် မပိုလှပေ။

**ဆက်လက်ဖော်ပြပါမည်။**

## မြဝတီမြို့နယ်၌ စားဖိုဆောင်သီးပင်စားပင်မျိုးစေ့များ ငွေနှင်းမှိုမျိုးထုပ်များ ပေးအပ်ခြင်းနှင့် လက်တွေ့စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



မြဝတီ မေ ၂၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ စားဖိုဆောင်သီးပင်စားပင် မျိုးစေ့များ၊ ငွေနှင်းမှိုမျိုးထုပ်များ ပေးအပ်ခြင်းနှင့် လက်တွေ့စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို မေလ ၂၅ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းရွှေက စားဖိုဆောင်သီးပင်စားပင်များနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်းအဆင့်ဆင့်ကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စားဖိုဆောင်သီးပင်စားပင်မျိုးစေ့များနှင့် ငွေနှင်းမှိုမျိုးထုပ်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းရွှေ ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စားဖိုဆောင် သီးပင်စားပင်မျိုးစေ့များကို လက်တွေ့စိုက်ပျိုးကြရာ တာဝန်ရှိသူများက ကြည့်ရှုကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ဘိုကလေး မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ မိုးရာသီကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သောရောဂါများ ကင်းဝေးစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အတူ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မေလ ၂၅ ရက်တွင် ဘိုကလေးမြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ အခြေခံပညာစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၌ အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ခြင်နှင့်ပိုးလောက်လန်းများ မပေါက်ပွားစေရေးအတွက် ရေအိုးများ၊ ရေစည်များ၊ ရေသိုလှောင်ကန်များ၊ ဘုရားပန်းအိုးများမှ ရေဟောင်းများသွန်၍ လဲလှယ်ခြင်း၊ ပိုးလောက်လန်းများအား ရေစစ်ဖြင့်စစ်၍ ဖယ်ထုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ အဖုံးဖုံးခြင်းနှင့် အခြေခံပညာစာသင်ကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းတို့ဆောင်ရွက်ကြပြီး ခြင်မပေါက်ပွားစေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများက ပြည်သူများအား မှာကြားကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းသည့်အကြံပြုချက်များဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများလေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး<br>နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး<br>နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး<br>နေပြည်တော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ရေကြောင်းလူငယ်သင်တန်းနှင့်လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့်အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)တို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➲

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ် စာ - ၈ သို့

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး စာ - ၂၂ သို့

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ စာ - ၁၅ သို့

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုစတင်ဆောင်ရွက်

နေပြည်တော် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ မေလ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိ သတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌

စာမျက်နှာ ၆ ကော်လံ ၁ ➤



နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကိုတွေ့ရစဉ်။

